# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၂)ရက် ၊ ကြာသပတေးနေ့ ၊ (26-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား




နေပြည်တော် ဇွန် ၂၅

ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 **“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့”** သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့”သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းပါဝင်ပေး

ဇွန် ၂၆ ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပြီး ယခုနှစ်အတွက် ထုတ်ပြန်ထားသည့်ဆောင်ပုဒ်မှာ **"Break the Cycle.# StopOrganizedCrime" "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့ အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်စို့"** ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် ၃၈ ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

လူသားများကို အသက်အန္တရာယ်ဆုံးရှုံးစေသည်အထိ အဓိကခြိမ်းခြောက်လျက်ရှိသည်မှာ မူးယစ်ဆေးဝါးပင်ဖြစ်သည်။ မူးယစ်ဆေးဝါးအမျိုးအစားများကိုလေ့လာကြည့်လျှင် ဘိန်း၊ မော်ဖင်း၊ ဘိန်းဖြူ ကိုကင်း၊ ဆေးခြောက်တို့သည် ဇဟိုအာရုံကြောကိုဖိနှိပ်သော မူးယစ်ဆေးဝါးများဖြစ်သည်။ မက်သာဖက်တမင်း၊ အိုက်စ်၊ အက်တက်စီ၊ ကတ်တမင်းတို့မှာ စိတ်ကြွစေသော မူးယစ်ဆေးဝါးများဖြစ်သည်။ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းအကြောင်းရင်းများကို လေ့လာကြည့်လျှင် ကိုယ်တိုင်စူးစမ်းလို၍ သုံးစွဲခြင်း၊ ခံစားမှုအသစ်ကိုလိုချင်၍ စမ်းသပ်လိုခြင်း၊ အပေါင်းအသင်းဆွဲဆောင်မှုကြောင့်သုံးစွဲခြင်း၊ ငွေကြေးအဆမတန်ချမ်းသာနေ၍ သုံးစွဲခြင်း၊ ဘဝအခက်အခဲများကို တစ်ခဏတာဖြေဖျောက်လို၍ သုံးစွဲခြင်း၊ နေထိုင်သည့်ပတ်ဝန်းကျင်ပေါ်မူတည်၍ သုံးစွဲခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းမှာ ကောင်းကျိုးမရှိဘဲ ဆိုးကျိုးများသာရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲပြီး နောက် မသုံးစွဲရပါက သုံးစွဲလိုသည့်ဆန္ဒပြင်းထန်ခြင်း၊ စိတ်တိုခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ရန်ပြုလိုစိတ်ဖြစ်ပေါ်ခြင်း၊ သုံးစွဲပြီးနောက်မှတ်ဉာဏ်ချို့ယွင်းခြင်း၊ စိတ်ကျရောဂါဖြစ်ခြင်း၊ မိသားစုနှင့်လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုနည်းလာခြင်း၊ အာရုံစူးစိုက်မှုလျော့ပါးလာခြင်း၊ ပြင်းထန်စွာစိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း၊ မိမိကိုယ်ကိုသေကြောင်းကြံစည်ခြင်း၊ ကူးစက်ရောဂါများဖြစ်သည့် အသားရောင်အသားဝါ ဘီပိုး၊ စီပိုးရောဂါ၊ HIV ရောဂါပိုးများကူးစက်ခံရခြင်း၊ ဆေးလွန်သဖြင့် သတိလစ်မေ့မြောခြင်း၊ အသက်ဆုံးရှုံးရခြင်း၊ ရာဇဝတ်မှုကျူးလွန်တတ်သဖြင့် ဥပဒေအရအရေးယူခံရခြင်း စသည့်ဆိုးကျိုးများကိုသာ ကြုံရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဘိန်းစိုက်ပျိုးမှု ပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သည် ၁၉၉၃ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြန်လည်သုံးသပ်ပြီး ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အလားတူ ၁၉၉၅ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေကိုလည်း ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ တရားမဝင်မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်နေမှုသည် ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်နှင့်လုပ်ရပ်မျိုးဖြစ်သည်။ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးမရှိသောကြောင့် ထိုလုပ်ရပ်မျိုးကို အပြင်းအထန်ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူသားများအတွက် ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးကို တားဆီးနှိမ်နင်းရာတွင် နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာဌာနများ၊ ပြည်သူလူထုများက အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် တစ်မျိုးသားလုံး၏ဘုံရန်သူ မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ယနေ့ကျရောက်သော ၃၈ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ရက် ၉၀ စပါးတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ရက် ၉၀ စပါးကိုမေလ ပထမပတ်ကနေ စတင်ပြီး ဝယ်ယူတာများခဲ့ပါတယ်။ ဒီဘက်က ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်က ဆန်နဲ့ စပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ စပါးတွေ မှာယူတာများနေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၉၀၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါစပါးများ တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သပြေရိုးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်း အကြောင်းအရာများ၊ အကျိုးကျေးဇူးများ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဦး**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သထုံမြို့နယ် ကော့သန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သထုံ ဇွန် ၂၅

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့သန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများက ကော့သန်ကျေးရွာ၌ ဆိုလာပန့်တပ်ဆင်ခြင်း၊ ရေစုကန် တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကော့သန်ကျေးရွာတွင် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၃၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ပေ ၂၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၉ သန်းဖြင့် ယခုနှစ် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဆိုလာပန့်တပ်ဆင်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၇ လမ်း၊ ၇၃ x ၇၄ လမ်းကြားနေ ဒေါ်လုံးနှင့် တူ၊ တူမများက ဆေးပဒေသာပင် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၀၅၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၈၆ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၉၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၃၄၆၃ ဧက စုစုပေါင်း ၁၄၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ နှမ်းဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၀၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် နှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၂၁၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၉၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၂၆၈၆၉ ဧက စုစုပေါင်း ၃၀၅၇၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရေဦးခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ညောင်ပင်သာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ပင်သာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၄၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျောင်းကုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဇွန်လ ဒုတိယပတ်မှစပြီး ယနေ့ထိ ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာပြီး ပဲလွမ်းဖြူများ အထွက်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုဇွန်လ ဒုတိယပတ်လောက်ကနေပြီး သိသိသာသာကို အရောင်းအဝယ်ကောင်းလာပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က မှာယူမှုများနေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ စားသုံးသူများလာတာကြောင့် အဝယ်လိုက်ပြီး အရောင်းသွက်နေတာ ဖြစ်ပါတယ်။ လက်ရှိ ဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး။ မိုးသီးနှံစိုက်ပျိုးရာသီ ကျောင်းကုန်းမြို့နယ်မှာ ပဲလွမ်းဖြူတွေကို အစိုက်များပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၆၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန်နှင့် ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# မုံရွေးမဟာဂီတကျမ်း

ဗိုလ်ရှိတ်(ရတနာပူရ)

မုံရွေးဆရာတော်သည် မြန်မာစာပေသမိုင်းတွင် အလွန်ထင်ရှားသောဆရာတော်ကြီးဖြစ်သည်။ ပျို့၊ ကဗျာ၊ မော်ကွန်း၊ ရတု၊ သတ်ပုံကျမ်း၊ ရာဇဝင်ကျမ်း စသည်ဖြင့် စာမျိုးစုံလင်စွာရေးသားပြုစုခဲ့သော ဆရာတော်ကြီးဖြစ်သည်။ မုံရွေးဆရာတော်ပြုစုခဲ့သော သမန္တစက္ခုဒီပနီကျမ်းနှင့် မုံရွေးရာဇဝင်ကျော်ကျမ်းသည် မြန်မာစာပေလောက၌ ထင်ရှားလှသည်။ ထိုသို့ စာမျိုးစုံရေးသားပြုစုခဲ့သော မုံရွေးဆရာတော်ကြီးသည် ထူးထူးခြားခြားကျမ်းတစ်စောင်လည်း ပြုစုခဲ့သည်။ ထိုကျမ်းမှာ ဟာသဇဝနညာဏမဉ္ဇူရီကျမ်းခေါ် မုံရွေးမဟာဂီတကျမ်းပင်ဖြစ်သည်။ ရဟန်းတော်တစ်ပါးအနေဖြင့် အရပ်ရပ်တွင် ပြန့်ကျဲနေသော မဟာဂီတသီချင်းကြီးများကို စုစည်းပြုစုပေးခဲ့သည်မှာ ထူးခြားလှပါသည်။ မုံရွေးမဟာဂီတကျမ်းသည် မြန်မာဂီတကျမ်းများသမိုင်းတွင် ရဟန်းတော်တစ်ပါး စုစည်းပြုစုခဲ့သည့် ဂန္ထဝင်ကျမ်းတစ်စောင်ဖြစ်သည်။ ထိုကျမ်းမှာ ပုံနှိပ်မှုဖြင့်မရှိသေးသော ရှားပါးကျမ်းတစ်စောင်ဖြစ်သည်။ တိမ်မြုပ်လှသော မုံရွေးရာဇဝင်ကျော်ကျမ်းအကြောင်းကို လေ့လာတင်ပြချင်သည်။ ထိုသို့ မုံရွေးမဟာဂီတကျမ်းအကြောင်းမလေ့လာ မတင်ပြမီ မုံရွေးဆရာတော်ကြီး၏ ဘဝအတ္ထုပ္ပတ္တိကို အကျဉ်းမျှတင်ပြလိုသည်။

**မုံရွေးဆရာတော်**

မုံရွေးဆရာတော်ကို သက္ကရာဇ် ၁၁၂၈ ခုနှစ် နယုန်လဆန်း ၄ ရက်နေ့တွင် ချောင်းဦးမြို့နယ် ကြေးမုံရွာ၌ ဖွားမြင်ခဲ့သည်။ နံတော်မှာ တနင်္ဂနွေသားဖြစ်သည်။ မိဘနှစ်ပါး၏အမည်မှာ ဦးဇေယျ-ဒေါ်မင်းလှဖြစ်သည်။ ငယ်မည်မောင်အောင်ဖြစ်၍ အသက် ခြောက်နှစ်အရွယ်တွင် မုံရွေးရွာအရှေ့ကျောင်း၌ ပညာသင်ကြားခဲ့သည်။ မုံရွေးဆရာတော်၏ငယ်ဆရာမှာ မုံရွေးဇေတဝန်ကျောင်းဆရာတော် မဟာဝိစိတ္တာရာမဖြစ်သည်။ အသက် ၁၅ နှစ်အရွယ်တွင် သာမဏေပြုသည်။ သာမဏေဘွဲ့မှာ အရိယဝံသဖြစ်သည်။ အသက် ၂၀ အရွယ်တွင် ရဟန်းဘောင်သို့တက်ရောက်ခဲ့သည်။ ရဟန်းဘွဲ့မှာ အရိယာဝံသအာဒိစ္စရံသီဖြစ်သည်။ ၁၁၆၄ ခုနှစ်တွင် ငယ်ဆရာဖြစ်သော မုံရွေးဆရာဇေတဝန်ကျောင်းဆရာတော် မဟာဝိစိတ္တာရာမ ပျံလွန်တော်မူသောအခါ မုံရွေးဆရာတော်သည် ဇေတဝန်ရွှေကျောင်းကြီးကို ဆက်ခံခဲ့သည်။ ထိုအချိန်မှစ၍ မုံရွေးဆရာတော်ဟုထင်ရှားခဲ့သည်။ ဤနေရာတွင် မုံရွေးဆရာတော်နှစ်ပါးကို ကွဲကွဲပြားပြားမှတ်သားထားရန်လိုသည်။ မုံရွေးဆရာတော်မဟာဝိစိတ္တာရာမကို ပထမမုံရွေးဆရာတော်ဟုခေါ်ကြပြီး မုံရွေးဆရာတော် အရိယာဝံသအာဒိစ္စရံသီကို ဒုတိယမုံရွေးဆရာတော်ဟုခွဲခြားခေါ်ဝေါ်ကြသည်။ ဒုတိယမုံရွေးဆရာတော်သည် ဘိုးတော်ဗဒုံမင်းလက်ထက်၌ အရိယသဒ္ဓမ္မဝံသအာဒိစ္စရံသီဘွဲ့ကိုရရှိခဲ့ပြီး ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် မုံရွေးရွာမှ အင်းဝနေပြည်တော်သို့ပင့်ဆောင်ပြီး ထီးလှိုင်ရှင်ဘုရားမြောက်ဘက်တွင် ပြာသာဒ်ကျောင်းဆောက်၍တင်လှူကာ ကိုးကွယ်ခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ဣန္ဒာဝဇီရာလင်္ကာရသီရိမဟာဓမ္မရာဇဓိရာဇဂုရုတံဆိပ်တော်ကို ကပ်လှူခဲ့သည်။ ထို့နောက် ဣန္ဒဝဇီရာဘိလင်္ကာရသိရိဓဇမဟာရာဇာဓိရာဇဂုရုတံဆိပ်တော်ကို ထပ်မံရရှိခဲ့သည်။

ဆရာတော်သည် ဘိုးတော်ဗဒုံမင်းလက်ထက်မှ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ထိ ကိုးကွယ်ဆည်းကပ်ခဲ့ရသော ဆရာတော်ကြီးဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် အင်းဝမြို့ ပြာသာဒ်ကျောင်းတော်ကြီး၌ ပျံလွန်တော်မူခဲ့သည်။

**မုံရွေးမဟာဂီတကျမ်း**

မုံရွေးဆရာတော်ပြုစုခဲ့သော ကျမ်းများစွာထဲတွင် မဟာဂီတကျမ်းဟူ၍ ဤကျမ်းတစ်ကျမ်းတည်းသာပါရှိသည်။ မုံရွေးမဟာဂီတကျမ်းကို မုံရွေးဆရာတော်သည် ဟာသဇဝနညာဏမဉ္ဇူရီကျမ်းဟု အမည်ပေးထားသည်။ မဟာဂီတသီချင်းကြီးများကိုစုစည်းပြုစုထားသောကြောင့် ကျမ်းပြုသူ မုံရွေးဆရာတော်၏အမည်နှင့်တွဲ၍ မုံရွေးမဟာဂီတကျမ်းဟုခေါ်ကြခြင်းဖြစ်သည်။

မုံရွေးမဟာဂီတကျမ်းသည် မည်သည့်ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ကို တိတိကျကျမသိရပါ။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်ပြုစုပြီးစီးခဲ့သည်ဟု အကြမ်းဖျင်းခန့်မှန်းနိုင်သည်။ မုံရွေးမဟာဂီတကျမ်း လက်နှိပ်စက်မူတွင် ကျမ်းပြီးနှစ် မတွေ့ရသော်လည်း ပေကူးနှစ်ကို "ဤတွင်အခြင်းစုံဖြစ်သော ဟာသဇဝနညာဏမဉ္ဇူရီကျမ်းပြီး၏။ သက္ကရာဇ် ၁၂၃၃ ခု၊ နတ်တော်လဆန်း ၁၄ ရက် စနေနေ့ တချက်မတီးမီအချိန်တွင် ဟာသဇဝနညာဏမဉ္ဇူရီကျမ်းကို ရေးကူး၍ပြီး"ဟူ၍ ပါရှိသည်။ ထို့ကြောင့် လက်နှိပ်စက်မူဖြင့် ဖော်ပြထားသော မုံရွေးမဟာဂီတကျမ်းသည် မင်းတုန်းမင်းလက်ထက် ၁၂၃၃ ခုနှစ်တွင် ရေးကူးပြီးခဲ့သော ပေဖြစ်ကြောင်း သိရသည်။

**❖မုံရွေးဆရာတော်ပြုစုခဲ့သောကျမ်းများစွာထဲတွင် မဟာဂီတကျမ်းဟူ၍ ဤကျမ်းတစ်ကျမ်းတည်းသာပါရှိသည်။ မုံရွေးမဟာဂီတကျမ်းကို မုံရွေးဆရာတော်သည် ဟာသဇဝနညာဏမဉ္ဇူရီကျမ်းဟု အမည်ပေးထားသည်။ မဟာဂီတသီချင်းကြီးများကို စုစည်းပြုစုထားသောကြောင့် ကျမ်းပြုသူ မုံရွေးဆရာတော်၏အမည်နှင့်တွဲ၍ မုံရွေးမဟာဂီတကျမ်းဟုခေါ်ကြခြင်းဖြစ်သည်။ မုံရွေးမဟာဂီတကျမ်းသည် မည်သည့်ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ကို တိတိကျကျမသိရပါ။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ပြုစုပြီးစီးခဲ့သည်ဟု အကြမ်းဖျင်းခန့်မှန်းနိုင်သည်။❖**

**မုံရွေးမဟာဂီတကျမ်းမူကွဲများ**

မုံရွေးမဟာဂီတကျမ်းမှာ မူကွဲလေးမျိုးရှိသည်ဟု သိရပါသည်။ မုံရွေးမဟာဂီတကျမ်းတစ်ဆူကို ဆရာကြီး ဦးမောင်မောင်တင်သည် မန္တလေးမြို့ မဟာနန္ဒီသေနာရာမကျောင်းတိုက်မှ ရရှိခဲ့သည်ဟု သိရသည်။ နောက်စာမူမှာ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)ထံတွင်ရှိသည်။ ဆရာကြီးထံတွင်ရှိသော ပေမူသည် မစုံလင်ကြောင်းသိရသည်။မုံရွေးမဟာဂီတကျမ်းပေမူကို ဓာတ်ပုံရိုက်ကူးထားသောမူတစ်မူ အမျိုးသားစာကြည့်တိုက်၌ရှိသည်။ ထိုမူတွင် ကျမ်းအမည်ကို "ဟာသဇဝနိကညာဏမဉ္ဇူရီ"ဟု ဖော်ပြထားသည်။ သို့သော် ဤမူသည် သီချင်းများစုံလင်ခြင်းမရှိဟု သိရသည်။

နောက်တစ်မူမှာ မန္တလေးမြို့ ခင်မကန်တိုက် ကျောက်ဆောက်ကျောင်းဆရာတော် ရှင်ဝါသဝထံရှိ ပေမူဖြစ်သည်။ ရှင်ဝါသဝထံရှိ ပေမူသည် အစုံလင်ဆုံးဖြစ်သည်။ အပြည့်စုံဆုံးဖြစ်သည်။ အထက်ပါ မူလေးမူတွင် ဆရာကြီးဦးမောင်မောင်တင်ရှိ ပေမူနှင့် ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)တို့တွင်ရှိ ပေမူမှာ မည်သည့်နေရာတွင်ရောက်ရှိခဲ့သည်ကို မသိရပေ။ ပျောက်ဆုံးခဲ့ပြီဖြစ်သည်။ အမျိုးသားစာကြည့်တိုက်ရှိ ဓာတ်ပုံမူမှာ ယခုတိုင်ရှိနေသည်ဟု ထင်သည်။ ရှင်ဝါသဝမူမှာ ရှေးဟောင်းစာပေသုတေသီတစ်ဦးက ကူးယူပြီး လက်နှိပ်စက်မူဖြင့် ဖြန့်ဝေခဲ့သည်။

**လက်နှိပ်စက်မူ**

မုံရွေးမဟာဂီတကျမ်းလက်နှိပ်စက်မူသည် ရှင်ဝါသဝထံရှိ ပေမူမှကူးယူထားသောမူဖြစ်သည်။ ကူးယူခဲ့သူမှာ ရှေးဟောင်းစာပေသုတေသီတစ်ဦး အမည်ခံဆရာကြီး ဦးထွန်းရီဖြစ်သည်။ မုံရွေးမဟာဂီတကျမ်းကို လက်နှိပ်စက်မူဖြင့် စောင်ရေ ၁၀၀ ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ သို့သော် ပုံနှိပ်မူကဲ့သို့ တွင်ကျယ်ခြင်းမရှိသဖြင့် သိသူနည်း တိမ်မြုပ်လျက်သာရှိသည်။ စာပေဝါသနာထုံသော သုတေသီကြီးတို့လက်ထဲတွင်သာ တစ်အုပ်စနှစ်အုပ်စရှိပါသည်။

**ကျမ်းပြုခြင်းအကြောင်း**

မုံရွေးဆရာတော်သည် မုံရွေးမဟာဂီတကျမ်းကို အကြောင်းမဲ့ ပြုစုခဲ့သည်မဟုတ်ပါ။ အိမ်ရှေ့တိုက်စိုး နန္ဒမိတ်ကျော်စွာက ပြုစုပေးပါရန် တောင်းပန်၍ ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ မုံရွေးဆရာတော်သည် အိမ်ရှေ့တိုက်စိုး နန္ဒမိတ်ကျော်စွာ တောင်းပန်သောကြောင့် ပြုစုပေးမည်ဖြစ်ကြောင်း ပြန်ကြားချက်ကို ကျမ်းဦးနိဒါန်း၌ အပြည့်အစုံထည့်သွင်းဖော်ပြခဲ့သည်။ ထိုတောင်းပန်ချက်ဖော်ပြချက် အပြည့်အစုံကို ထုတ်နုတ်တင်ပြပါအုံးမည်။

**တောင်းပန်ချက်**

"အိမ်ရှေ့တိုက်စိုးနန္ဒမိတ်ကျော်စွာလျှောက်ပါသည် မုံရွေးဇေတဝန်ဝိဟာရ၌ သီတင်းသုံးနေတော်မူသော အရိယာဝံသအာဒိစ္စရံသီပုဂ္ဂိုလ် အရှင်မြတ်ဘုရား။ တကာတော်တို့ မင်းခယောကျ်ားမင်းပါး၌နေသောသူတို့သည် အရှင်မင်းစိုးတို့ အလိုတော်ရှိရာ မည်သည့်ပညာမဆို အရှင်အလိုသို့လိုက်လျက် လေ့ကျင့်မှတ်သား၍ အမေးတော်ရှိလျှင် တင်လျှောက်ရပါသည်။ ကြိုးစုအခြင်းခံကြီးများကို လေ့ကျက်မှတ်သားလို၍ ရှာဖွေရုံးစုမည်ကြံပါပြောသော်လည်း လူသားဖြစ်၍ မအားမလပ်နိုင်ပါ။ ကိုယ်တော်မြတ်သည် ဗဟုသစ္စ၊ ဗာဟုလ္လပုဂ္ဂိုလ်ဖြစ်၍ ရုံးစုတော်မူသော် အလွယ်တကူပင်ပြည့်စုံရာပါသည်။ ရုံးစု၍ သနားတော်မူပါဘုရား"

**ပြန်ကြားချက်**

မုံရွေးဇေတဝန်ဆရာတော် အရိယာဝံသအာဒိစ္စရံသီပုဂ္ဂိုလ်သူမြတ် မေတ္တာစကားကြားရောက်အပ်သောတကာ ရွှေတိုက်စိုးနန္ဒမိတ်ကျော်စွာ။ ။တကာလျှောက်ထားသောစကားထွင် တကာတော်တို့မှာ လူသားဖြစ်၍ မအားမလပ်နိုင်ပါဆိုလျှင် ရဟန်းတော်တို့မှာ အားလပ်ရာစကားကူးရောက်ချေသည်။ ရဟန်းတော်တို့မှာလည်း အတ္တဟိတအလို့ငှာ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်တို့ကို ဖြည့်ရခြင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ သမထဝိပဿနာတို့ကို ပို့စေရခြင်းဖြင့် လပ်ကင်းသောကာလပင်မရှိ၊ တကာလျှောက်သောအရာတို့ကိုရှာကြံ၍နေလျှင် ယခင်ဆိုခဲ့ပြီးသော အတ္တဟိတဝတ်၊ ပဋိပတ်များသည် နည်းပါးယုတ်လျော့ရာသောအကြောင်းပင်ရှိသည်၊ ၎င်းအတ္တဟိတဝတ်ပဋိပတ်ကိုလည်း မကင်းလွတ်စကောင်းဟုဆင်ခြင်လျက်ရှိနေသည့်အရာတွင် ရှင်သာရိပုတ္တရာသည် နှစ်ဖြာသောဟိတအလို့ငှာ ဖြည့်ကျင့်ကြောင်းကို ပါရမီခန်းတွင် 'လေးဘော်အင်စုံ၊ ကိုယ့်ဘို့ကျုံမှ၊ ရှာတုံ့သူအား၊ ဖြန့်ကာပွားသည်၊ ထေရ်များအကြီး၊ မည်သီးထင်စွာ၊ သာရိပုတ္တရာ'ဟူ၍လည်းကောင်း၊ သုမေဓာတပညာရှိသည် အတ္တဟိတ၊ ပရဟိတနှစ်ပါးကို ဆောင်ရွက်ကြောင်းကိုလည်း ဆုတောင်းခန်းတွင် 'ကြံထွေးယုတ်မြတ်၊ နောင်နာဂတ်လည်း၊ ချွတ်အံ့မရှိ၊ မိမိစီးပွား၊ သူ့အားကုန်အောင်၊ မြင်ကျယ်ဆောင်၍'ဟူ၍လည်းကောင်း၊ သံဝရမင်းသားသည် အတ္တဟိတ-ပရဟိတနှစ်ပါးကိုပင် ဆောင်ရွက်ကြောင်းကိုလည်း သံဝရပျို့တွင် 'ညီမင်းမြတ်မူ၊ ကောင်းထွဋ်တိုင်အောင်၊ ကိုယ်ကိုဆောင်မှ၊ ရံအောင်ဆွေဝါး၊ သားချင်းများ၏၊ စီးပွားအညွန့်၊ အရှည်ဖြန့်သည်၊ အဝှန့်အဝှါ၊ ကိုးကွယ်ရာဖြင့်၊ အံ့အာသရဲ ဘုန်းရိပ်ဝှဲသည်။ ။ဆကဲးမိုးဃံး ရှည်-မျှစင်တည်း"ဟူ၍လည်းကောင်း စပ်သည်နှင့်အညီ၊ အရှင်သာရိပုတ္တရာ၊ သုမေဓာပဏ္ဍိတ သံဝရမင်းသားတို့ကဲ့သို့ အတ္တဟိတကိုလည်း မယုတ်စေရန်၊ ပရဟိတကိုလည်း မကင်းစေရအောင် ကြံဆောင်၍သာ ပါရမီခန်းထွင်-'ဖရဏာလောကီ၊ ပီတိဆီနှင့်၊ ဝသီစည်ပင်၊ ဤယင်းရှင်ကား၊ ကူးမြင်ချက်ထွေ့၊ ယခုနေ့စဉ်၊ မစဲ့နှစ်ဖြစ်၊ ကိုယ်အညစ်ဟု၊ အသစ်အလောင်း၊ မိုက်မျက်ပေါင်းကို၊ အိုင်ကောင်းသီတာ၊ ဋ္ဌင်မာနှိုက်၊ ပြွပ်ကာလက်မွန်၊ ခဏဝန်ဖြင့်၊ စင်တန်ကောင်းစွာ၊ ကျွတ်လေရာလျက်၊ တွယ်တာသနား၊ လူသုံးပါးကို၊ မသွားခေါက်ရက်၊ ကြည့်ငဲ့ကွက်၍၊ အသက်လှူလှူဆုကြီးယူ၏'ဟုဆိုသည်နှင့်အညီ၊ သုမေဓာပညာရှိသည် ကိုယ်သားကုံလုံ၊ ကျွတ်လိုတုံသော်ကား၊ ကျွတ်ရသည်ပင်ဖြစ်တော်မူလျက် သူ့ကိုငဲ့ကွက်၍၊ အသက်ကိုလှူလျက် ဆုယူသောနည်းကိုနိသယယည်းခံ၍ ရန်ဘန်အားလပ်ခိုက် ရုံးစုလိုက်ရတော့မည်၊ သို့ပင်ရုံးစုသော်လည်း၊ အလုံးစုံ အကုန်အစင်ရုံးစုနိုင်ရသောအကြောင်းမရှိ စုံရာသရွေ့ကိုသာ ရေးပေအံ့သည်၊ တကာရွှေတိုက်စိုးနန္ဒမိတ်ကျော်စွာ။ ။

**ကျမ်းတွင်းပါအကြောင်းအရာများ**

မုံရွေးမဟာဂီတကျမ်းဟူသော အမည်အတိုင်း ကျမ်းအတွင်း၌ မဟာဂီတသီချင်းကြီးများစွာကို စုဆောင်းပြုစုထားသည်။ အနယ်နယ်အရပ်ရပ်ရှိ ပြန့်ကျဲနေသော မဟာဂီတသီချင်းများကို စာတစ်စောင်တစ်ဖွဲ့ဖြစ်အောင် စုစည်းထားသည်ကို တွေ့ရသည်။ ဤကျမ်းတွင် ရှားပါးသောသီချင်းခံကြီးများ၊ သီချင်းသင်္ကေတများစွာကို စုစည်းပါရှိသည်။ ဤကျမ်းအတွင်း၌ သီချင်းသင်္ကေတနှင့် သီချင်းပုဒ်ရေ ၃၂၈ ပုဒ်ထိပါဝင်သည်။ သီချင်းပုဒ်ရေ များစွာပါဝင်သောကျမ်းဟုဆိုနိုင်ပါသည်။ ရှင်လင်္ကာကိတ္တိသီချင်းခံ၊ ရှင်ဝရသီချင်းခံ၊ မယ်တော်လက်နမ်းသီချင်းခံ၊ ဆရာညွန့်အချင်းရိုး၊ ဆရာဘွားအချင်း၊ ဆရာပန်းအချင်း၊ ရသေ့ စိတ်ဖြေခြင်း၊ ဇမ္ဗူသပြေသီးကြွေချင်း၊ ရွှေနန်းသဘင်ချင်း၊ အိမ်ဦးသာချင်း၊ ဂဠုန်မင်းတောင်သံထီးရိုး၊ ဘီလူးမ သားကြူးခြင်း၊ တျာဒုံဖိုအချင်း စသည်ဖြင့် စုံလင်လှပါသည်။ အချို့ရာသီချင်းများသည် ပုဒ်စဉ်နံပါတ်တစ်စုအတွင်း၌ ပိုဒ်ရေ ၄ ပိုဒ်၊ ၁၈ ပိုဒ်ထိပါရှိပါသည်။ ဥပမာအားဖြင့် ပုဒ်ရေ ၃၂၅ ရာသီချင်းဟူသော ခေါင်းစဉ်အောက်၌ သီချင်းပိုဒ်ရေ လေးပိုဒ်ထိပါရှိသည်။ မုံရွေးမဟာဂီတကျမ်းတွင်းသီချင်းအမည်များကို 'သီခြင်း'ဟူ၍ရရစ်ဖြင့်သာ သုံးနှုန်းရေးသားထားပါသည်။ ဥပမာအားဖြင့် တောင်ငူမင်းသီချင်းခံဟူသောသီချင်းကို ယခုခေတ်တွင် "တောင်ငူမင်း သီချင်းခံ"ဟုရေးကြမည်ဖြစ်သော်လည်း ပေမူ၌ "တောင်ငူမင်း သီခြင်းခံ"ဟုသာ ရေးသားထားပါသည်။

ရှေးခေတ်က မုံရွေးမဟာဂီတကျမ်းကဲ့သို့ မဟာဂီတသီချင်းကြီးများကို စုဆောင်းပြုစုခဲ့သောကျမ်းမျိုးကား အလွန်ရှားသကဲ့သို့ အလွန်လည်း ကျမ်းအရေအတွက် နည်းပါသည်။ မုံရွေးမဟာဂီတကျမ်း၊ မြဝတီမင်းကြီးဦးစ၏ သီချင်းစု၊ ကွမ်းဘိုးထိန်း၏သီချင်းစုပေမူ၊ မိုးလှိုင်မင်းသားသီချင်းစု၊ ဝက်မစွတ်ဝန်ထောက်၏ သဗ္ဗဂီတက္ကမပကာသနီကျမ်းတို့လောက်သာရှိသည်။ ထိုကျမ်းများတွင်လည်း မြဝတီမင်းကြီးဦးစ သီချင်းစုနှင့် သဗ္ဗဂီတက္ကမပကာသနီကျမ်းသာ စာအုပ်အဖြစ်ရောက်ရှိခဲ့ပြီး အခြားကျမ်းတို့မှ တိမ်မြုပ်၊ ပျောက်ကွယ်နေဆဲဖြစ်သည်။ တိမ်မြုပ်၍ သိသူနည်းလှသော မုံရွေးမဟာဂီတကျမ်းကို ဂီတပညာရှင်များ၊ မြန်မာစာသုတေသီများ အလွယ်တကူလေ့လာနိုင်အောင် လက်နှိပ်စက်မူအဖြစ်မှ ပုံနှိပ်မူအဖြစ်သို့ရောက်ရှိအောင် ကြိုးစားသင့်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နှစ်လခွဲစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျုံပျော် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နှစ်လခွဲစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နှစ်လခွဲစပါး တင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း နှစ်လခွဲစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မေလအတွင်း နှစ်လခွဲစပါး တင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးက ဆန်ချော အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အားကောင်းခဲ့တာ ဖြစ်ပါတယ်။ နှစ်လခွဲစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် မေလအတွင်းမှာကော လတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးက အရောင်းအဝယ် ပိုဖြစ်နေပါတယ်" ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းတင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ချောင်းဆုံ ဇွန် ၂၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက မုရစ်ကြီးကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ မုရစ်ကြီးကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မုရစ်ကြီးကျေးရွာ၌ ရေပိုက်သုံးလက်မ PVC ပေ ၁၀၀၀၊ နှစ်လက်မ PVC ပေ ၂၉၀၀ သွယ်တန်းခြင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆ ဒသမ ၄၇ သန်းဖြင့် ယခုနှစ် မေလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက မုရစ်ကြီးကျေးရွာရှိ အိမ်ခြေ ၇၃၅ အိမ်ရှိ လူဦးရေ ၃၆၁၇ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သုတ**



## ကိုယ့်ရင်နှစ် တကယ်ချစ်ရင်

\- တိုင်းတစ်ပါးသား လူမျိုးခြားတို့
တို့များပြည်သူ စိတ်ပူပင်ပန်း
မရွှင်လန်းဘဲ တက်လမ်းကိုဖျောက်
အမျိုးပျောက်ကာ တိမ်းမှောက်အယူ
ဖြစ်စေမှုလျက် ဘိန်းဖြူဘိန်းမည်း တနဲဆေးခြောက်
သွတ်သွင်းနှောက်လို့ မျိုးပျောက်မတတ်
တို့ရင်ဟပ်ခဲ့။

\- ထိုသည်မှစ ပျောက်ရတို့မြေ
သူတို့တွေ၏ လက်ဝေလက်ခံ
ကျွန်ပြန်ဖြစ်စေ ဆိုးအမွေကို
ရယူစေခဲ့ပြန်ပါသည်။

\- ငယ်စဉ်ခါက ကြားဖူးရပေ
ကုဋေကြွယ်သား သူဌေးသားလည်း
သောက်စားမူးယစ် တကယ်ချစ်လို့
စွန့်ပစ်ရယ်ခံ သေလွန်ပြန်သော်
မည်သည့်အဖော်မှ သူ့ဘဝထဲ
မလာရဲ၍ မြောင်းထဲလမ်းဘေး
ငှက်စာကျွေးခံ သူ့ကံမလှ
ဖြစ်ခဲ့ရ၏။

\- ဘိန်းဘင်းကဇော် လျော်စာသောက်စား
စီးပွားလဲပျက် ဘဝလဲပျက်မို့
ရှောင်လျက်သာသွား တွေးမမှားနှင့်
သောက်စားအရက် မဖက်ဝေးဝေး
သေဆေးမူးယစ် ရှောင်ခွာပစ်လော့
ရင်နှစ်သည်းချာ တကယ်ချစ်ပါက
သူဘာပြောပြော မလိုက်လျောနှင့်
သဘောတင်းစွာ ဆက်ဆံပါလော့
ထိုခါမှသာ သားကလျာသည်
ကင်းကာမူးယစ် အမှန်ဖြစ်လိမ့်
အချစ်မပွား သတိထားရေး
တိုက်တွန်းပေးမည်
မနေ့အမြန် လိုက်နာလော့။ ။

**ဘိုမျိုး(ရွှေဘို)**

## နိုင်ငံတကာ သတင်းများ

# အီရန်နိုင်ငံမှရေနံများ တရုတ်နိုင်ငံဝယ်ယူနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပြောကြား



ဝါရှင်တန် ဇွန် ၂၅

အစ္စရေးနှင့် အီရန်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ရရှိခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံထံမှရေနံများ ဆက်လက်ဝယ်ယူနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇွန် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် အီရန်ရေနံများကို ဆက်လက် ဝယ်ယူနိုင်ကြောင်း၊ ယင်းအပြင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ရေနံစိမ်းကို အများအပြား ဝယ်ယူလိမ့်မည်ဟုလည်း မိမိမျှော်လင့်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လူမှုမီဒီယာ စာမျက်နှာပေါ်၌ ရေးသားထားသည်။

သို့ရာတွင် သမ္မတ ဒေါ်နယ်ထရန့်၏အဆိုပါပြောကြားချက်မှာ အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများအား လျှော့ချပေးမည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ပြောကြားထားသည်။

သမ္မတဒေါ်နယ်ထရန့် အနေဖြင့် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများကိုချိုးဖောက်၍ အီရန်ရေနံများဝယ်ယူမည့်အစား အမေရိကန်ရေနံများကို ဝယ်ယူရေးအတွက် တရုတ်နှင့်ကျန်ကမ္ဘာ့နိုင်ငံအားလုံးကို ဆက်လက်တိုက်တွန်းမည်ဖြစ်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရန့်၏ အဆိုပါပြောကြားချက်ကြောင့် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ရသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းစွမ်းအင်လိုအပ်ချက်အတွက် အီရန်ရေနံများ အများဆုံးဝယ်ယူနေသောနိုင်ငံများထဲတွင် ပါဝင်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ပိုင်နက်မြေပေါ်မှတစ်ဆင့် ပထမဆုံး ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ဂျပန်တပ်မတော်ပြုလုပ်

တိုကျို ဇွန် ၂၅

ဂျပန်ပိုင်နက် မြေပေါ်မှတစ်ဆင့် ဒုံးကျည်စမ်းသပ် ပစ်ခတ်မှုကို ဂျပန်တပ်မတော်က ပထမဆုံးအကြိမ်အဖြစ် ဇွန် ၂၄ ရက်တွင် ပြုလုပ်ခဲ့ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၂၄ ရက် စမ်းသပ်မှုတွင် ဂျပန်တပ်ဖွဲ့ဝင်များသည် ပုံစံ-၈၈ အမျိုးအစား မြေပြင်မှ ရေပြင်ပစ်ဒုံးကျည်တစ်စင်းကို ဟော့ကိုင်းဒိုးကျွန်းမှတစ်ဆင့် ပစိဖိတ်ရေပြင်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ပုံမှန်အားဖြင့် နေရာအကန့်အသတ်နှင့်လုံခြုံရေးပြဿနာများကြောင့် ဂျပန်နိုင်ငံသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကို အမေရိကန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၌ ပြုလုပ်လေ့ရှိသည်။

သို့ရာတွင် လက်ရှိနိုင်ငံတကာလုံခြုံရေး အခြေအနေများအရ ဂျပန်တပ်မတော်အနေဖြင့် ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများကို ဂျပန်မြေပေါ်မှာပင် ပြုလုပ်ရန် လိုပြီဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ဒေသတွင်း စစ်ရေးဩဇာကြီးမားလာချိန်တွင် ဂျပန်တပ်မတော်က ဂျပန်မြေပေါ်မှတစ်ဆင့် ပထမဆုံးဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်တပ်မတော်သည် ဇွန် ၂၉ ရက်တွင်လည်း ပုံစံ-၈၈ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်း ထပ်မံစမ်းသပ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# အစ္စရေးနှင့် အီရန် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ခိုင်မာနေဆဲဖြစ်

နယူးယောက် ဇွန် ၂၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ကြားဝင်မှုဖြင့် အစ္စရေးနှင့်အီရန်တို့ကြား ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ယနေ့ထိ ခိုင်မာနေဆဲဖြစ်ကြောင်း သိရသည်။

အစ္စရေးနှင့် အီရန်တို့သည် ၁၂ ရက်ကြာ စစ်ရေးအရ အပြန်အလှန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ကြားဝင်ညှိနှိုင်းမှုဖြင့် ဇွန် ၂၄ ရက်တွင် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသည်။

အစ္စရေးနှင့် အီရန်တို့၏ ၁၂ ရက်ကြာစစ်ပွဲအတွင်း အမေရိကန်နိုင်ငံကလည်း အီရန်နျူကလီးယားအဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် ယင်းစစ်ပွဲတွင် ပါဝင်ခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ကြား ဆွေးနွေးပွဲများ ကျင်းပနိုင်မည့် အလားအလာများ ရှိနေကြောင်း အမေရိကန်အစိုးရ၏အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်က ပြောကြားထားသည်။

၁၂ ရက်ကြာ စစ်ပွဲပြီးဆုံးခဲ့ပြီးနောက် အစ္စရေးနိုင်ငံကရော အီရန်နိုင်ငံကပါ အောင်ပွဲများ အသီးသီး ကြေညာထားကြောင်း သိရသည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့်သဘောထားကွဲပြားမှုများကို ဖြေရှင်းရေးအတွက် အသင့်ရှိကြောင်း အီရန်သမ္မတ ပီဇက်ကီရမ်က ဇွန် ၂၄ ရက်တွင် ပြောကြားထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ရာဇဝတ်မှုရှစ်မျိုးအတွက် သေဒဏ်ကျင့်သုံးမှု ဗီယက်နမ်နိုင်ငံ ပယ်ဖျက်မည်

ဟနွိုင်း ဇွန် ၂၅

ငွေကြေးအလွဲသုံးစား ပြုလုပ်မှုအပါအဝင် ပြစ်မှုရှစ်မျိုးအတွက် သေဒဏ်ချမှတ်မှုကို လာမည့် ဇူလိုင်လမှစ၍ ဖျက်သိမ်းရန် ဗီယက်နမ်အမျိုးသားလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။

အဆိုပါ ရာဇဝတ်မှုရှစ်မျိုးအတွက် သေဒဏ်ပြစ်ဒဏ်များ ဖျက်သိမ်းရေး အဆိုပြုချက်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က တစ်ခဲနက်အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ်နိုင်ငံက သေဒဏ်ချမှတ်မှုဖျက်သိမ်းပေးထားသော ရာဇဝတ်မှုများထဲတွင် ငွေကြေးအလွဲသုံးစားပြုလုပ်မှုအပြင် နိုင်ငံပိုင်ပစ္စည်းဖျက်ဆီးမှု၊ ဆေးဝါးတုထုတ်လုပ်မှု၊ ငြိမ်းချမ်းရေးကို ဖျက်ဆီးမှု၊ သူလျှိုမှု၊ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ကျူးကျော်စစ် စတင်မှုတို့ဖြစ်ကြသည်။

အဆိုပါရာဇဝတ်မှု ရှစ်မျိုးအတွက် အမြင့်ဆုံးပြစ်ဒဏ်အဖြစ် သေဒဏ်အစား ထောင်ဒဏ်တစ်သက်ချမှတ်မည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရသတင်းဌာနများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဗီယက်နမ်နိုင်ငံသည် လူသတ်မှု၊ နိုင်ငံတော်သစ္စာဖောက်မှုအကြမ်းဖက်ဝါဒကျူးလွန်မှုနှင့်ကလေးများကို လိင်ပိုင်းဆိုင်ရာအရ စော်ကားမှုအပါအဝင် ရာဇဝတ်မှု ၁၀ မျိုး အတွက် သေဒဏ်ချမှတ်မှု ဆက်လက်ကျင့်သုံးမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် သေဒဏ်စီရင်မှုများကို နိုင်ငံတော်လျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထားရာ သေဒဏ်ချမှတ်ခံထားရသူမည်ရွေ့မည်မျှရှိသည်ဟု မသိရသေးကြောင်း သိရသည်။Ref : Xinhua

Trs : KKO

# အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းရေးဥပဒေကြမ်း အီရန်လွှတ်တော်အတည်ပြု

နယူးယောက် ဇွန် ၂၅

ကုလသမဂ္ဂနိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းရေးဥပဒေကြမ်းကို အီရန်လွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။



အဆိုပါဥပဒေကြမ်းကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရေးအတွက် အီရန်အမျိုးသားလုံခြုံရေးကောင်စီ၏ နောက်ဆုံးအတည်ပြုချက်ရယူရန်လိုကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံနှင့် ၁၂ ရက်ကြာ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းရေးဥပဒေကြမ်းကို အီရန်လွှတ်တော်က အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အိုင်အေအီးအေက ယခုလအတွင်း အတည်ပြုခဲ့သော ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်သည် အီရန်ကို အစ္စရေးတိုက်ခိုက်ရေးအတွက် လမ်းစဖွင့်ပေးခဲ့ကြောင်း အီရန်အစိုးရက ပြောကြားထားသည်။

အိုင်အေအီးအေက အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်း၌ အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေး စည်းမျဉ်းများကို ချိုးဖောက်နေကြောင်း ကြေညာထားသည်။

အိုင်အေအီးအေသည် အစ္စရေးနိုင်ငံက အီရန်နျူကလီးယားအဆောက်အအုံများအား တိုက်ခိုက်ခဲ့မှုကိုလည်း ဝေဖန်ရှုတ်ချမှုမရှိခဲ့ကြောင်း အီရန်အစိုးရက ပြောကြားထားသည်။

Ref : RT

Trs : KKO

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘယ်လ်ဂျီယံနိုင်ငံက နော်ဝေနိုင်ငံထုတ် ဒုံးပစ်လောင်ချာယာဉ် တပ်ခွဲ ၁၀ ခွဲစာကို ကန်ဒေါ်လာသုံးဘီလီယံဖြင့် ဝယ်ယူရန်စီစဉ်



ဘယ်လ်ဂျီယံနိုင်ငံအစိုးရသည် နော်ဝေနိုင်ငံ Kongsberg ကုမ္ပဏီထုတ် ဒုံးပစ်လောင်ချာယာဉ်များကို အမေရိကန်ဒေါ်လာ သုံးဘီလီယံဖြင့် NASAMS လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲ ၁၀ ခုစာဝယ်ယူရန် စီစဉ်ထားကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၃ ဘီလီယံဖြင့် F-35 တိုက်လေယာဉ် ၃၄ စင်း ဝယ်ယူခဲ့ပြီးနောက် ယခုဝယ်ယူမှုသည် နိုင်ငံ၏ အကြီးမားဆုံး ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ဖြစ်နိုင်ကြောင်း သိရသည်။

နယ်သာလန်နိုင်ငံက ကြားဝင်စေ့စပ်ညှိနှိုင်း၍ ဝယ်ယူမည့်သဘောတူညီချက်သည် ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့ နှစ်နိုင်ငံပူးပေါင်း၍ ဖရီးဂိတ်စစ်သင်္ဘောများဝယ်ယူခဲ့ခြင်းနှင့် ဆင်တူသည်။

ယခုဘယ်လ်ဂျီယံနိုင်ငံသည် ကာကွယ်ရေးသဘောတူညီချက်အရ တပ်ခွဲတစ်ခုတွင် ဒုံးပစ်လောင်ချာလေးစီး ပါဝင်ဖွဲ့စည်းထားသည့်စုစုပေါင်း NASAMSလေကြောင်းရန်ကာကွယ်ရေးတပ်ခွဲ ၁၀ ခုစာကို လက်ခံရရှိမည်ဖြစ်သည်။ နော်ဝေနိုင်ငံ Kongsberg နှင့် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီတို့ကြား ပူးပေါင်းဖန်တီးထားသည့် NASAMS မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေယာဉ်၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များကဲ့သို့သော တာတိုမှ တာလတ်ပစ် လေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။ ၎င်းတွင် AIM-120 AMRAAM ဒုံးခွင်းဒုံးများ၊ Raytheon ကုမ္ပဏီထုတ် AN/MPQ-64F1 Sentinel active 3D ရေဒါနှင့် passive electro-optical နှင့် infrared အာရုံခံကိရိယာများပါဝင်သည်။

အဆိုပါကြိုးပမ်းမှုသည် ဘယ်လ်ဂျီယံနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များချို့တဲ့မှုကိုဖြေရှင်းရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လေကြောင်းရန်ကာကွယ်ရေးကဏ္ဍအတွက် F-16 တိုက်လေယာဉ်များကို အားကိုးနေရခြင်းဖြစ်သည်။ ဥရောပတစ်နိုင်ငံဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် အနောက်အုပ်စုနှင့် ရုရှားနိုင်ငံတို့ကြား ပဋိပက္ခဖြစ်ပွားနေချိန်တွင် အဓိကကျသော အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေး အချက်အချာနေရာအဖြစ် တာဝန် ထမ်းဆောင်နိုင်စေမည်ဖြစ်ကာ လေကြောင်းတိုက်ခိုက်မှုများ ခံလာရနိုင်ခြေရှိသည်ဟု ထွက်ဆိုထားကြောင်း သိရသည်။

အထူးသဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၏ Antwerp ဆိပ်ကမ်းသည် အမေရိကန်နိုင်ငံထံမှ ထောက်ပံ့ရေးများအတွက် အရေးကြီးသောနေရာတစ်ခုဖြစ်သည်။ NASAMS သို့မဟုတ် National Advanced Surface-to-Air Missile System ဟူ၍ အမည်ပေးထားသော အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အပြင် ဘယ်လ်ဂျီယံနိုင်ငံသည် မျိုးဆက်သစ် SAMP/TNG လက်နက်စနစ်နှင့် Patriot ကဲ့သို့သော တာဝေးပစ်လက်နက်စနစ်များလည်း လိုအပ်သည်။ အိမ်နီးချင်းလူဇင်ဘတ်နိုင်ငံသည် နယ်သာလန်-ဘယ်လ်ဂျီယံ သဘောတူညီချက်တွင် ပူးပေါင်းခြင်းအပါအဝင် NASAMS လေကြောင်းရန် ကာကွယ်ရေးစနစ်များ ဝယ်ယူရန် အဆိုပြုချက်များအပေါ် လေ့လာ ဆန်းစစ်နေသည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

**Belgium Plans to Buy 10 NASAMS Air Defense Batteries for $3 Billion ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

## တရုတ်လေတပ်က ဝေဟင်ဆီဖြည့်လေယာဉ်နှင့် ဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်း ဝေဟင်ဆီဖြည့်မှုလေ့ကျင့်

တရုတ်လေတပ်သည် Y-20U ဝေဟင်ဆီဖြည့်လေယာဉ်နှင့် H-6N ဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်း ဝေဟင်ဆီဖြည့်မှုလေ့ကျင့်လုပ်ဆောင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

၎င်းသည် H-6N မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များကို ဝေဟင်ဆီဖြည့်ခြင်းအတွက် Y-20U လေယာဉ်ကိုအသုံးပြုနိုင်မှုအား ပထမဦးဆုံး ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပြီး မကြာမီပြုလုပ်မည့် စစ်ရေးပြခမ်းအနားမတိုင်မီ လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဝေဟင်ဆီဖြည့်ရန်အတွက် အထိုင်ငုတ်များတပ်ဆင်ထားသော H-6N ဗုံးကြဲလေယာဉ်များသည် လာမည့်သီတင်းပတ်များအတွင်း ပစိဖိတ်အနောက်ဘက်သို့ ကင်းလှည့်မှုများ တိုးချဲ့လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ၊ စစ်ရေးလေ့လာသုံးသပ်သူများက သုံးသပ်ထားကြသည်။ H-20 ကိုယ်ပျောက်ဗုံးကြဲလေယာဉ်များမှာ တီထွင်နေဆဲဖြစ်ပြီး လက်ရှိတွင် တရုတ်နိုင်ငံသည် Y-20U ဝေဟင်ဆီဖြည့်လေယာဉ်များဖြင့် ပံ့ပိုးပေးနိုင်သည့် H-6N နှင့် H-6K ဗုံးကြဲလေယာဉ်များအပေါ် မှီခိုနေရဆဲဖြစ်ကြောင်း သိရသည်။

ဝေဟင်ဆီဖြည့်လုပ်ဆောင်ခြင်းတွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် လေတပ်၏(PLAAF)မှဝေဟင်ဆီဖြည့်ခြင်းတွင် လက်ခံမည့်လေယာဉ်နှင့် ဆီဖြည့်ပေးမည့် လေယာဉ်ကြားချိတ်ဆက်မှု Probe-and-Drogue systems စနစ်များ ပုံမှန်လုပ်ဆောင်နိုင်ခြင်းရှိ၊ မရှိကို စမ်းသပ်စစ်ဆေးခြင်းပင်ဖြစ်သည်။ Y-20U သည် H-6N ဗုံးကြဲလေယာဉ်နှစ်စင်းကို လေပေါ်တွင် ပျံသန်းလုပ်ဆောင်နေချိန်အတွင်း၌ပင် တစ်ပြိုင်နက်တည်း ဆီဖြည့်ပေးနိုင်ခဲ့သည်။ ဤသည်မှာ ရေ့တန်းကျကျတပ်ဖြန့်ထားသော လေတပ်အခြေစိုက်စခန်းများသို့ ပြန်လည်ဆင်းသက်ရန် မလိုအပ်ဘဲ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှုကို အချိန်တိုအတွင်း ပြီးမြောက်စေရန် ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ အုပ်ဖွဲ့ပျံသန်းစဉ်မှာပင် ဆီဖြည့်လေယာဉ်တွင် လေယာဉ်အမှုထမ်းအပြားဆိုက်ကပ်၍ ဆီဖြည့်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များကြား ညှိနှိုင်းဆောင်ရွက်မှု၊ လမ်းကြောင်းပြထိန်းကျောင်းမှု လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ပေးထိန်းချုပ်မှုဆိုင်ရာမူဘောင်များတွင် တိုးတက်လာမှုကိုမြင်တွေ့ရမည်ဖြစ်သည်။ ဤစွမ်းရည်သည် ဗုံးကြဲလေယာဉ်များ၏ အချိန်ကြာမြင့်စွာတိုက်ပွဲဝင်နိုင်မှုကိုမြင့်မားကောင်းမွန်စေပြီး ပင်လယ်ရေကြောင်းဒေသများပေါ်တွင် ကင်းလှည့်မှုများ တိုးချဲ့လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ PLAAF ၏ တိုက်ပွဲဝင်အသင့်လုပ်ဆောင်မှုတွင် ဝေဟင်ဆီဖြည့်ခြင်းစွမ်းရည်များပေါင်းစည်းနိုင်မှုသည် ယခုအခါ ပိုမိုကျယ်ပြန့်သော လေကြောင်းအုပ်ချုပ်ထောက်ပံ့မှုစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် တာဝေးတိုက်ခိုက်မှုမစ်ရှင်များကို ပံ့ပိုးကူညီရန် ရည်ရွယ်ထားသည့် ပုံမှန်စွမ်းရည်တစ်ခုအဖြစ် သက်သေပြထားနိုင်ခဲ့ပြီဖြစ်သည်။



တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(PLAAF)တွင် ၂၀၁၆ ခုနှစ် ဝန်းကျင်က တပ်တော်ဝင်နိုင်ခဲ့သည်။ အစပိုင်းတွင် Y-20U ဟု လူသိများပြီး နောက်ပိုင်းတွင် YY-20A ဟု တရားဝင်သတ်မှတ်ဖော်ပြထားသော ဝေဟင်ဆီဖြည့်လေယာဉ်အားရှင်းကို ၂၀၁၈ ခုနှစ်တွင် ဂြိုဟ်တုဓာတ်ပုံများတစ်ဆင့် ပထမဆုံးတွေ့ရှိခဲ့ကြောင်း သတင်းများအရ သိရသည်။ ၂၀၂၅ ခုနှစ်အစောပိုင်းတွင် YY-20A နှင့် YY-20B ဝေဟင်ဆီဖြည့်လေယာဉ် ၁၇ စင်းခန့် တရုတ်လေတပ်တွင် အသုံးပြုနိုင်နေပြီဟု သိရသည်။ ၂၀၂၃ ခုနှစ် YY-20A ဝေဟင်ဆီဖြည့်လေယာဉ် အနည်းဆုံးရှစ်စင်း ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ YY-20 ဝေဟင်ဆီဖြည့် လေယာဉ်များသည် အစောပိုင်းမျိုးဆက် H-6U ဆီဖြည့်လေယာဉ်များကိုအစားထိုးရန် ရည်ရွယ်ထုတ်လုပ်ထားသည်။ ဤဝေဟင်ဆီဖြည့်လေယာဉ်များသည် Y-20 လေယာဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး PLAAF ၏ ဝေဟင်ဆီဖြည့်နိုင်စွမ်းကို တိုးတက်စေရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာကို အထောက်အကူပြုပြီး အလှမ်းဝေးစစ်ဆင်ရေးများတွင် အချိန်ကြာမြင့်စွာ တိုက်ခိုက်ရေးတာဝန်များထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ဤသို့ တိုးတက်ဖွံ့ဖြိုးမှုများသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLAAF) ကို ကင်းလှည့်ခြင်းနှင့် ဖြစ်နိုင်ခြေရှိသော ပဋိပက္ခအခြေအနေများတွင် တိုက်ပွဲဝင်အသင့်ဖြစ်မှု မြင့်မားကောင်းမွန်ခြင်းကို သက်သေပြထားနိုင်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

**Breaking News: China conducts first public aerial refuelling exercise between Y-20U tanker and H-6N strategic bombers. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# နိုင်ငံတကာ အားကစားသတင်းများ

## မန်ယူအသင်း လူငယ်ဖွံ့ဖြိုးရေးအကြီးအကဲအဖြစ် အီဗန် တာဝန်ထမ်းဆောင်မည်

မန်ချက်စတာ ဇွန် ၂၅

မန်ယူအသင်း ဝါရင့်ခံစစ်ကစားသမား တစ်ဦးဖြစ်သည့် အီဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် မန်ယူအသင်းတွင် လူငယ်ဖွံ့ဖြိုးရေး အကြီးအကဲအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်သွားမည့်အပြင် ယာယီမန်နေဂျာအဖြစ်ပါ ပူးတွဲတာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ အီဗန်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၆ ခုနှစ်က ရှိုင်ရွယ် အန့်ဝပ်အသင်းနှင့် စတင်ခဲ့သော်လည်း အသင်းတွင် တစ်ရာသီသာ ကစားခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အီဗန်သည် မန်ယူအသင်းတွင် ၂၀၀၇ ခုနှစ်မှစတင်ပြီး ၂၀၁၅ ခုနှစ်ထိ ကာလရှည်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က မန်ယူအသင်းမှ ထွက်ခွာခဲ့ပြီးနောက် ဝက်စ်ဘရွန်းအသင်း၊ လက်စတာအသင်းတို့ထံ အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၂၃ ခုနှစ်က လက်စတာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ချိန်တွင် မန်ယူအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အီဗန်သည် မန်ယူအသင်းတွင် နှစ်ရာသီကစားခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့သော်လည်း အသင်းတွင် လူငယ်စီမံကိန်းဖွံ့ဖြိုးရေး အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်သွားမည့်အပြင် ယာယီမန်နေဂျာအဖြစ်ပါ ပူးတွဲတာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



## ကလပ်ကမ္ဘာ့ဖလား ၁၆ သင်းရှုံးထွက်အဆင့်တွင် ချဲလ်ဆီးအသင်းနှင့် ဘင်ဖီကာအသင်းတို့ တွေ့ဆုံ



ဝါရှင်တန် ဇွန် ၂၅

ဖီဖာကလပ် ကမ္ဘာ့ဖလား အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် အက်စပါရန့်အသင်းတို့ ပွဲစဉ်တွင် ချဲလ်ဆီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့ပြီး ၁၆ သင်းရှုံးထွက်အဆင့်တွင် ဘင်ဖီကာအသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အုပ်စု (C)အဖွင့်ပွဲစဉ်တွင် လော့အိန်ဂျလိစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခက်တွေ့ခဲ့ပြီးနောက် အုပ်စုနောက်ဆုံးပွဲစဉ်တွင် တူနီးရှားကလပ် အက်စပါရန့်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ကစားနိုင်ခဲ့ရာ ပထမပိုင်းနာကျင်အချိန်ပိုတွင် တိုဆင်၊ ဒီလက်ပ်၊ ဒုတိယပိုင်းနာကျင်အချိန်ပိုတွင် ဂျော်ဂျီတို့၏ ဦးဆောင်ဂိုးများဖြင့် နိုင်ပွဲရခဲ့ပြီး အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။

ထို့ကြောင့် အုပ်စု (D) မှ ဘင်ဖီကာအသင်းက ဘိုကာဂျူနီယာအသင်းကို နှစ်ဂိုးစီ သရေ၊ အော့ကလန်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်၊ ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် အုပ်စုပထမနေရာဖြင့် တက်ရောက်လာခဲ့ပြီး ချဲလ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ကို လာမည့် ဇွန် ၂၈ ရက်တွင် ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ချဲလ်ဆီးအသင်းအနေဖြင့် တိုက်စစ်မှူး ဂျက်ဆန်ကို အနီကတ်ပြစ်ဒဏ်ကြောင့် လက်လွှတ်ရမည်ဖြစ်၍ တိုက်စစ်ပိုင်းတွင် ဒီလက်ပ်ကိုသာ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : 90min

Trs : ML

## ကွင်းလယ်ကစားသမား ကာဒိုဆိုကို ခေါ်ယူရန် အေတီကိုအသင်း သဘောတူညီမှုရရှိ

မက်ဒရစ် ဇွန် ၂၅

အေတီကိုအသင်းက ဘက်တစ်အသင်း ကွင်းလယ်ကစားသမား ကာဒိုဆိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း၃၀ ကျော်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား ကာဒိုဆိုသည် နွေရာသီ အပြောင်းအရွှေ့ကာလတွင် နည်းပြဆီမွန်နီ၏ ဦးစားပေးပစ်မှတ်ဖြစ်ခဲ့သောကြောင့် ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ကျော်ဖြင့် ခေါ်ယူရန် ဘက်တစ်အသင်းနှင့် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

ကာဒိုဆိုသည် ၂၀၂၄ ခုနှစ်က ဘရာဇီးကလပ် အင်တာနေစီယွန်နယ်အသင်းမှ ဘက်တစ်အသင်းသို့ ရောက်ရှိခဲ့ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကာ စာချုပ်ဖျက်သိမ်းကြေးမှာ ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ရှိသော်လည်း ဘက်တစ်အသင်းအနေဖြင့် ကစားသမားကိုရောင်းချလိုသောကြောင့် အေတီကိုအသင်း၏ ကမ်းလှမ်းမှုကိုလက်ခံ၍ ယူရို သန်း ၃၀ ကျော်ဖြင့် ထွက်ခွာခွင့်ပြုခဲ့သည်။

ကာဒိုဆိုသည် အစောပိုင်းက စပါးအသင်းမှ ဆီဗီလာအသင်းသို့ ယူရို ငါးသန်းဖြင့် ပြောင်းရွှေ့သွားသည့် ကွင်းလယ်ကစားသမားလိုဆယ်ဆိုနေရာတွင် အစားထိုးနိုင်ရန် စပါးအသင်းက ယူရို ၂၅



သန်းဖြင့်ခေါ်ယူရန် ပစ်မှတ်ထားသော်လည်း စပါးအသင်းက နည်းပြသစ် ဖရန့်ကို ခန့်အပ်ခဲ့သောကြောင့် အပြောင်းအရွှေ့မှာ ခက်ခဲသွားသဖြင့် အေတီကိုအသင်းက ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

### အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အမ်ဘူမိုကို ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း မန်ယူအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ ပဲလေ့စ်အသင်းမှ အက်ဇီကိုသာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၈ သန်းဖြင့်ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။
- မန်စီးတီးအသင်းက ခံစစ်ကစားသမား ဝေါ်လ်ကာ၏နေရာတွင် နယူးကာဆယ်အသင်းမှ လီဗရာမန်တိုနှင့် ဖလာမင်ဂိုအသင်းမှ ဝက်စလေတို့နှင့် အစားထိုးရန် ဆုံးဖြတ်ထားပြီး ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။
- အာဆင်နယ်အသင်းက ခံစစ်ကစားသမား ဇီချန်ကိုအား ရောင်းချရန်ဆုံးဖြတ်ထားသဖြင့် ဖူလ်ဟမ်အသင်းက ကစားသမားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- လိုင်ယွန်အသင်းအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းများကြောင့် ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကြွေးမြီပြဿနာတိုးမြင့်လာမှုကြောင့် လာမည့်ရာသီတွင် ပြင်သစ်လိဂ်-၂ သို့ တန်းဆင်းရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ML

## Bad Homburg Open တင်းနစ်ပြိုင်ပွဲ ကွာတားအဆင့်သို့ စဝီယာတက်ခ်နှင့် ပါအိုလီနီတို့ တက်ရောက်

ဘတ်ဟွမ်ဘတ် ဇွန် ၂၅

ဂျာမနီနိုင်ငံ ဘတ်ဟွမ်ဘတ်မြို့တွင်ကျင်းပနေသည့် Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များတွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ပါအိုလီနီတို့က ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ဒုတိယအဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီးစဝီယာတက်ခ်က (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



အခြားသော ပွဲစဉ်အဖြစ် အီတလီအဆင့်(၁) တင်းနစ်မယ် ပါအိုလီနီက ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပါအိုလီနီက (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

စဝီယာတက်ခ်က သက်သောင့်သက်သာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ပါအိုလီနီအနေဖြင့် ပွဲငယ်နှစ်ပွဲစလုံး၌ tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီအတွက် ၂၀၂၅ ခုနှစ်အတွင်း မြက်ခင်းတွင်ကျင်းပသည့် ပြိုင်ပွဲများ၌ ပထမဆုံးရရှိသည့် နိုင်ပွဲဖြစ်ကြောင်းလည်းသိရသည်။

ပါအိုလီနီက “မြက်ကွင်းမှာ ကစားရတာ ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့လဲ အသားမကျဘူးဆိုရင်တော့ ကစားရတာအဆင်မပြေပါဘူး။ အရေးကြီးဆုံးကတော့ ပွဲစဉ်အပေါ်မှာ သေချာအာရုံစိုက်ဖို့နဲ့ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိဖို့ပဲလိုအပ်ပါတယ်။ အဲ့လိုမှမဟုတ်ဘူးဆိုရင်တော့ ရလဒ်ကောင်းဖို့ မလွယ်ကူပါဘူး”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အမေရိကန်နှင့် အီရန်နိုင်ငံတို့ ဆက်ဆံရေးတင်းမာမှုများကြောင့် ကမ္ဘာ့ဖလားအုပ်စုမဲခွဲရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အခက်တွေ့နေ



**ဝါရှင်တန် ဇွန် ၂၅**

လက်ရှိ အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှုများရှိနေသည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုမဲခွဲရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အနေဖြင့် အခက်တွေ့နေကြောင်း သိရသည်။

လက်ရှိတွင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲများကို ဇုန်အလိုက် ခွဲခြားကာ ကျင်းပလျက်ရှိနေပြီး အီရန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောင်မြင်ခဲ့ပြီး အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

လက်ရှိ အီရန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား ဆက်ဆံရေး တင်းမာမှုများ ဖြစ်ပွားနေချိန်တွင် အမေရိကန်နိုင်ငံက အစ္စရေးနိုင်ငံဘက်မှ အကူအညီများစွာပေးအပ်နေပြီး အီရန်နိုင်ငံသားများကိုလည်း အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့် တားမြစ်ထားခြင်းဖြစ်သည်။

လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် မဲခွဲမှုကို လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံသားများကို ပြည်ပဝင်ခွင့် ဆက်လက်ပိတ်ပင်ထားမည်ဆိုပါက အီရန်အသင်းအနေဖြင့် အုပ်စုပွဲစဉ်များကို အမေရိကန်နိုင်ငံတွင်မဟုတ်ဘဲ မက္ကဆီကိုနိုင်ငံတွင် ကစားနိုင်မည်ဖြစ်သော်လည်း ပြိုင်ပွဲရှုံးထွက်အဆင့်ပွဲစဉ်များကို အမေရိကန်နိုင်ငံတွင်သာ ကျင်းပမည်ဖြစ်သည့်အတွက် အီရန်အသင်းအနေဖြင့် ရှုံးထွက်အဆင့် တက်ရောက်နိုင်မည်ဆိုပါက အခက်ကြုံတွေ့ရမည်ဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်း အီရန်အသင်းနှင့်ပတ်သက်ပြီး ဖီဖာပြိုင်ပွဲကျင်းပရေးကော်မတီ၏ အဆုံးအဖြတ်ကို ဆက်လက်ခံယူသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# ကွင်းလယ်ကစားသမား သောမတ်ပါတေး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်

**လန်ဒန် ဇွန် ၂၅**

အာဆင်နယ်အသင်း အဓိက ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် သောမတ်ပါတေးက အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြန့်ကြာခဲ့ပြီးနောက် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ သောမတ်ပါတေးသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အေတီကိုအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းနှစ်များတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အာဆင်နယ် အသင်းသည် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းတွင် ဆိုစီဒက်အသင်းမှ ဇူဘီမန်ဒီကိုလည်း ခေါ်ယူရန် သဘောတူညီမှု ရရှိထားသကဲ့သို့ ဘရန့်ဖို့ဒ်အသင်းမှ ကွင်းလယ်ကစားသမား ခရစ်တီယန်နော်ဂတ်ကိုလည်း ခေါ်ယူနိုင်ရန်နီးစပ်ခဲ့ပြီးနောက် သောမတ်ပါတေးက အသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းနှင့် သောမတ်ပါတေးတို့သည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အစောပိုင်းကတည်းက ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြသော်လည်း ကြန့်ကြာနေခဲ့သည့်အတွက် သောမတ်ပါတေးက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ပြီး ၎င်းကို ဆော်ဒီထိပ်တန်း ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

` **Trs : STA**




# စွမ်းဆောင်ရည်ကျဆင်းလာခြင်းနှင့်ပတ်သက်ပြီး ခေတ္တအနားယူရန်လိုအပ်နေကြောင်း မက်အီလ်ရွှိုင်းပြောကြား

**အီဒင်ဘာ့ဂ် ဇွန် ၂၅**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွှိုင်းသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်းတွင် စွမ်းဆောင်ရည်ပိုင်းကျဆင်းလာခဲ့သလို ပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲများတွင် ရလဒ်မကောင်းသည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

စွမ်းဆောင်ရည် ကျဆင်းလာခြင်းမှာ စိတ်ပင်ပန်းနေခြင်းကြောင့်ဖြစ်ပြီး မိမိအနေဖြင့် အနားယူရန်လိုအပ်နေကြောင်း မက်အီလ်ရွှိုင်းက ယနေ့တွင် ပြောကြားခဲ့သည်။

မက်အီလ်ရွှိုင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက အမေရိကန်နိုင်ငံတွင်ကျင်းပခဲ့သည့် Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမှတ်ပေးဇယား၏ အဆင့်(၆)နေရာဖြင့်သာ အဆုံးသတ်နိုင်ခဲ့သည်။

ရလဒ်များ တောက်လျှောက်ကျဆင်းလာခဲ့ခြင်းနှင့် ပတ်သက်၍ မိမိအနေဖြင့် ပင်ပန်းနေမှုကြောင့် ရလဒ်များ ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး အနားယူရန် လိုအပ်နေသည့်အတွက် ရက်သတ္တ နှစ်ပတ်အကြာ အနားယူသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

မက်အီလ်ရွှိုင်းက "ပြိုင်ပွဲတွေမှာ အောင်မြင်မှုပြန်ရဖို့ဆိုရင် စိတ်ခါတ်ပိုင်းဆိုင်ရာက အရမ်းကို အရေးကြီးပါတယ်။ စိတ်ပင်ပန်းနေရင် ဘယ်လိုမှ ရလဒ်ကောင်းအောင် ကစားနိုင်မှာမဟုတ်ပါဘူး။ စိတ်ပင်ပန်းတဲ့အတွက် စိတ်ရှည်နိုင်မှာလဲမဟုတ်သလို အယူအဆပိုင်းမှာလဲ အမှားအယွင်းများနိုင်တယ်။ ဒါကြောင့် ခဏလောက်တော့ အနားယူမှဖြစ်တော့မယ်။ ရက်သတ္တနှစ်ပတ်လောက် အနားယူသွားမယ်။ ကျွန်တော့်အနေနဲ့ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးမှာ လုံလောက်တဲ့ အနားယူမှုတွေမလုပ်ဖြစ်ခဲ့ဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# အေစီမီလန်ခံစစ်ကစားသမား သီအိုဟာနန်ဒက်စ်ကို အယ်ဟိုင်လာအသင်းခေါ်ယူရန် နောက်ဆုံးသဘောတူညီမှုရရှိ

**ရီယာ့ဒ် ဇွန် ၂၅**

အယ်ဟိုင်လာ အသင်းသည် အေစီမီလန်အသင်းမှ ထွက်ခွာမည့် သီအိုဟာနန်ဒက်စ်ကို ကာလရှည်ကြိုးပမ်းခဲ့ရာ ယခုအခါ ကစားသမားကို လုပ်ခလစာ တိုးမြှင့်ပေးခဲ့သောကြောင့် ပြောင်းရွှေ့ရန် နောက်ဆုံးသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အေစီမီလန် အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကုန်ဆုံးချိန်တွင် စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသည့် သီအိုဟာနန်ဒက်စ်ကို နွေရာသီ အပြောင်းအရွှေ့တွင် ရောင်းချမည်ဟု ပြောကြားခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟိုင်လာအသင်းက ၎င်းကို ခေါ်ယူရန် ကနဦးပြောင်းရွှေ့ကြေး တစ်နှစ်လုပ်ခလစာ ယူရို ၁၈ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ငြင်းဆိုခဲ့ပြီး ဥရောပတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် စပိန်ကလပ် အေတီကိုအသင်းက ၎င်းကို ကမ်းလှမ်းခဲ့သော်လည်း ပြောင်းရွှေ့ကြေးမြင့်မားမှုကြောင့် ခေါ်ယူရန်မဖြစ်နိုင်တော့ဘဲ အယ်ဟိုင်လာအသင်းက သီအိုဟာနန်ဒက်စ်ကို လုပ်ခလစာ တိုးမြှင့်၍ တစ်နှစ်လုပ်ခ ယူရို သန်း ၂၀ ဖြင့် ထပ်မံကမ်းလှမ်းခဲ့ရာ




ကစားသမားကိုယ်တိုင်က သဘောတူညီခဲ့သဖြင့် ကလပ်အသင်းနှစ်ခုကြား နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

**Ref : Goal.com**

**Trs : ML**

# တားမြစ်ဆေးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိရသည့် ဂျို့စ်ဘီနာဗီဒက်ဇ် ကိုးလပွဲပယ်ပြစ်ဒဏ်ကျခံရ

**ဝါရှင်တန် ဇွန် ၂၅**

WBA လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဂျို့စ်ဘီနာဗီဒက်ဇ်သည် တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ကိုးလပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း Association of Boxing Commissions (ABC) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဂျို့စ်ဘီနာဗီဒက်ဇ် သည် ဖေဖော်ဝါရီ ၁ ရက်တွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဒုတိယအကြိမ် ထပ်မံစစ်ဆေးခဲ့ရာ ဇွန် ၂၀ ရက်တွင် ရလဒ်ထွက်ပေါ်ခဲ့ရာ၌ တားမြစ်ဆေးဝါး သုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်းလည်းသိရသည်။

ပြစ်ဒဏ်ချမှတ်ရေးအတွက် Nevada State Athletic Commission မှ ဘုတ်အဖွဲ့ဝင်များက ဘုတ်ထိုင်ဆုံးဖြတ်မှု အပြီးတွင် Association of Boxing Commissions (ABC) က ဇွန် ၂၄ ရက်က ဂျို့စ်ဘီနာဗီဒက်ဇ်အား ကိုးလပွဲပယ်ပြစ်ဒဏ် ချမှတ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

Association of Boxing Commissions (ABC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "အသက် ၃၃ နှစ်အရွယ် ဂျို့စ်ဘီနာဗီဒက်ဇ်ဟာ တားမြစ်ဆေးဝါး သုံးစွဲကြောင်း စစ်ဆေး တွေ့ရှိခဲ့ရတဲ့အတွက်ကြောင့် ကိုးလပွဲပယ်ပြစ်ဒဏ် ချမှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဂျို့စ်ဘီနာဗီဒက်ဇ် အနေနဲ့ ဖေဖော်ဝါရီလကတည်းက တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် ပြိုင်ပွဲဝင်ခွင့်ကို ယာယီပိတ်ပင်ထားပြီး ဖြစ်တဲ့အတွက်ကြောင့် ယာယီပိတ်ပင်ထားတဲ့ကာလကိုလဲ ပွဲပယ်ပြစ်ဒဏ်ကာလမှာ ထည့်ပေါင်းသွားမှာဖြစ်ပါတယ်ဟု" ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxingscene**

**Trs : AZL**

# ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းနှင့်ပြည့်လိုလျှင် မူးယစ်ဆေးဝါးကိုရှောင်

ဘုန်းမောင်ဝင်း(ဖျာပုံ)

မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ၊ စိတ်ကြွရူးသွပ်ဆေးများ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်း သီးခြားဆောင်ရွက်၍မရနိုင်ပေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံးက မိမိတို့ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းအစအနရရှိပါက သက်ဆိုင်သို့သတင်းပေးပို့ခြင်းဖြင့် ကူညီကြရမည်ဖြစ်သည်။ ထိုသို့ကူညီခြင်းဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ သတင်းပေးသူကိုလည်း ဆုကြေးငွေထိုက်တန်စွာ ရရှိမည်ဖြစ်သည်။

ပြည်သူလူထု၏ သတင်းပေးပို့မှုများကြောင့် မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုသတင်းများကို သတင်းစာများတွင် ဖတ်ရှုရသည်မှာ လွန်စွာပင်ကျေနပ်အားရဝမ်းသာဖွယ်ကောင်းလှသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် လူသားတို့၏အသက်ကို ကယ်တင်လိုက်သူများဖြစ်သည်။ ကမ္ဘာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူသားတို့အသက်ဆုံးရှုံးနေကြရသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကိုအခြေခံ၍ လက်နက်ကိုင်သောင်းကျန်းသူတို့က ပြည်သူများအကြောင်းမဲ့သတ်ဖြတ်နေကြသည်။ တရားဥပဒေစိုးမိုးမှုနည်းပါးသောဒေသတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ တွင်ကျယ်နေသကဲ့သို့ မြို့ကြီးများတွင်လည်း မူးယစ်ဆေးဝါးရောင်းဝယ်မှုက ကျယ်ပြန့်လာနေသည်။ ဤသည်ကို ရအောင်ဖမ်းဆီးနိုင်ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာပေါ်ရှိလူသားအားလုံး၏ပြဿနာဖြစ်ခြင်းကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည့်အပြင် အဆိုပါမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်ရေးဆွဲကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်လုပ်ငန်းစီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဖမ်းဆီးရမိမှုများ ပိုမိုများလာခြင်းဖြစ်သည်။

ထို့ပြင် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုမှာ ရှိနေဆဲဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းဝယ်နေသူများသည် မိမိတို့ကိုယ်ကျိုးအတွက်ကိုသာ ကြည့်ကြသူများဖြစ်သည်။ မိမိကြီးပွားချမ်းသာရေးအတွက် အခြားသူများ မည်ကဲ့သို့သော အခက်အခဲ၊ ဒုက္ခနှင့်ကြုံတွေ့နေသည်ကို စာနာနားလည်စိတ်မရှိသူများဖြစ်သည်။ ရာဇဝတ်ဘေးဆိုသည်မှာ ပြေး၍လွတ်နိုင်သည်မဟုတ်ပါ။ နောက်ဆုံးတွင် ဥပဒေဘောင်အတွင်း ကျရောက်ကာ ပြစ်ဒဏ်ကျခံရခြင်း၊ မိမိတို့ပိုင်ဆိုင်မှုများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းတို့ဖြင့် ဘဝကိုနိဂုံးချုပ်ကြရမည်သာဖြစ်သည်။

မူးယစ်ဆေးဝါးများထုတ်လုပ်ရောင်းချနေသူများ ဘာကြောင့်ရှိနေရတာလဲဟူသော အကြောင်းရင်းခံကို ဖွေရှာကြည့်သည့်အခါ မူးယစ်ဆေးဝါးသုံးစွဲသူများရှိနေခြင်းကြောင့်ဟူသောအဖြေမှန်ကို တွေ့ရသည်။ သုံးစွဲသူရှိနေသရွေ့ ရောင်းသူရှိနေမည်။ ရောင်းသူရှိနေသရွေ့ ထုတ်လုပ်ဖြန့်ဖြူးသူရှိနေမည်ဟူသော သံသရာလည်ပတ်နေမည်ဖြစ်သည်။ ထို့ကြောင့် မိဘတိုင်းက မိမိတို့၏သားသမီးများကို အစဉ်တစိုက်စောင့်ကြည့်ရန်လိုအပ်သည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏တပည့်များကို စောင့်ကြည့်နေရမည်ဖြစ်သည်။ အချိန်ပြည့်စောင့်ကြည့်နေရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

**❖လူငယ်တို့သဘာဝ စူးစမ်းလိုစိတ်ဖြင့် ဆေးလိပ်သောက်ကြည့်သည်။ တစ်ဆင့်တက်ကာ အရက်သောက်ကြည့်သည်။ ထို့မှတစ်ဆင့် မူးယစ်ဆေးဝါးသုံးစွဲကြည့်သည်။ နောက်ဆုံးတွင် စွဲလမ်းသွားကာ မူးယစ်ဆေးဝါး၏သားကောင်အဖြစ်သို့ ရောက်သွားမည်။ မူးယစ်ဆေးဝါးကြောင့် လူငယ်တို့ရလိုက်သည်က ဆိုးကျိုးများသာဖြစ်သည်။ ငွေကြေးကုန်ကျသည်။ မိဘများစိတ်သောကဖြစ်ရမည်။ ပညာရေးတစ်ပိုင်းတစ်စဖြင့် အနာဂတ်ရည်မှန်းချက်များ ကွယ်ပျောက်သွားမည်။ ထို့ကြောင့် မူးယစ်ဆေးဝါးကို လုံးဝရှောင်ရှားကြရမည်ဖြစ်သည်။ ❖**

မူးယစ်ဆေးဝါးသုံးစွဲသူသည် ပုံမှန်အခြေအနေမရှိသည်မှာသေချာသည်။ လူငယ်လူရွယ်တို့၏ လှုပ်ရှားသွားလာမှု၊ ပြောဆိုဆက်ဆံမှု၊ အမူအရာပြောင်းလဲမှုတို့ကိုကြည့်ခြင်းဖြင့် သိရှိနိုင်သည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ အနာဂတ်လှပရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိအောင် ကာကွယ်ကြရမည်ဖြစ်သည်။ မိဘသည် သားသမီးကိုချစ်သည်။ ဆရာတိုင်းသည် တပည့်ကို ချစ်ကြသည်။ ထိုသို့ချစ်ကြသည်ဆိုလျှင် သားသမီး၊ တပည့်တစ်ဦးဦး မူးယစ်ဆေးဝါးသုံးစွဲကြောင်းသိရှိလျှင် ကြိတ်၍ဖြေရှင်းခြင်းမပြုဘဲ သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဆေးရုံသို့တက်ရောက်ကုသခြင်းမျိုး ဆောင်ရွက်ရမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းမှာ ရှက်စရာမဟုတ်ပါ။ ထိုသို့ဆောင်ရွက်ပေးခြင်းမပြုဘဲ မူးယစ်ဆေးဝါးစွဲကာ လမ်းမှားရောက်သွားမှသာ မိဘတို့အတွက်ရှက်စရာဖြစ်သည်။ ဆရာ၊ ဆရာမများအတွက် တပည့်မကောင်း ဆရာ့ခေါင်းဆိုသည့်အဖြစ်နှင့် ကြုံရမည်ဖြစ်သည်။

လူငယ်ဆိုသည်မှာ နိုင်ငံတော်၏အနာဂတ်ကို ကောင်းအောင် ဖန်တီးတည်ဆောက်ရမည့်သူများဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်ကို လှပအောင်၊ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပညာပြည့်ဝနှလုံးလှသူများဖြစ်လာရေးပင်ဖြစ်သည်။ ပညာတတ်မှ လူရာဝင်ဆိုသည်ထက် ပညာတတ်မှသာ နိုင်ငံတော်၏အရေးအရာများကို အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ လူငယ်ဆိုသည်မှာ ကြိုးစားလျှင်ကြိုးစားသလောက် အောင်မြင်မှုများရရှိနိုင်သည်။ သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည်ဆိုပါကလည်း မြင့်မားသောရာထူးများကို ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့သော ရာထူး၊ တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ပညာပြည့်ဝနေရမည်ဖြစ်သည်။ ပညာပြည့်ဝရန်မှာ ပညာရေးခရီးလမ်းကို ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ရမည်ဖြစ်သလို အဆိုပါခရီးလမ်းတွင် ဆူးငြောင့်ခလုတ်များတွေ့ခဲ့လျှင်လည်း ရှောင်ရှားနိုင်ရမည်ဖြစ်သည်။

အဆိုပါဆူးညှောင့်ခလုတ်မှာ မူးယစ်ဆေးဝါးဖြစ်သည်။ လူငယ်တို့သဘာဝ စူးစမ်းလိုစိတ်ဖြင့် ဆေးလိပ်သောက်ကြည့်သည်။ တစ်ဆင့်တက်ကာ အရက်သောက်ကြည့်သည်။ ထို့မှတစ်ဆင့် မူးယစ်ဆေးဝါးသုံးစွဲကြည့်သည်။ နောက်ဆုံးတွင် စွဲလမ်းသွားကာ မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ ရောက်သွားမည်။ မူးယစ်ဆေးဝါးကြောင့် လူငယ်တို့ရလိုက်သည်က ဆိုးကျိုးများသာဖြစ်သည်။ ငွေကြေးကုန်ကျသည်။ မိဘများစိတ်သောကဖြစ်ရမည်။ ပညာရေးတစ်ပိုင်းတစ်စဖြင့် အနာဂတ်ရည်မှန်းချက်များကွယ်ပျောက်သွားမည်။ ထို့ကြောင့် မူးယစ်ဆေးဝါးကို လုံးဝရှောင်ရှားကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် အနာဂတ်တွင် လူကြီးလူကောင်းအဖြစ် ဂုဏ်ယူဝင့်ကြွားစွာနေထိုင်ကြမည်လား။ သို့တည်းမဟုတ် မူးယစ်ဆေးဝါး၏သားကောင်အဖြစ် ဘဝနိဂုံးချုပ်မည်လား စဉ်းစားကြစေချင်သည်။ ကြီးပွားချမ်းသာနေသောသူတို့သည် ကြီးပွားရေး၊ ကြီးပွားကြောင်းတို့ကိုသာလျှင် ဉာဏ်မျက်စိဖြင့် သိကြမြင်ကြသည်မဟုတ်ပါ။ ကြီးပွားရေး၊ ကြီးပွားကြောင်း၏ဆန့်ကျင်ဘက် ပျက်စီးဆုတ်ယုတ်ရေး၊ ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကိုလည်း တွေ့မြင်တတ်ကြသည်။ ပျက်စီးကြောင်းကိုတွေ့မြင်သိရှိပြီးနောက် ပျက်စီးကြောင်းလမ်းသို့ မလိုက်ပါဘဲ ကြီးပွားရေး၊ ကြီးပွားကြောင်းလမ်းဘက်သို့ မှန်ကန်စွာလိုက်ပါလုပ်ဆောင်ခြင်းကြောင့်သာ ကြီးပွားချမ်းသာခြင်းဖြစ်သည်။

ကြီးပွားချမ်းသာခြင်းဆိုသည်မှာ ငွေကြေးတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပါ။ ရာထူးရာခံမှအစ လူမှုဆက်ဆံရေးနယ်ပယ်တွင် အလေးထားခံရခြင်းမျိုးထိ ပါဝင်သည်။ ပျက်စီးဆုတ်ယုတ်ခြင်းအကြောင်းအရာကိုရှောင်ကြဉ်နိုင်ခြင်းကြောင့် ကြီးပွားချမ်းသာကြသည်။ လူငယ်လူရွယ်ဆိုသည်မှာ လွန်စွာလှပနေသောအရွယ်ဖြစ်သည်။ ကြိုးစားလျှင်ကြိုးစားသလောက် ခရီးပေါက်နိုင်သည်။ လှပသောအရွယ်တွင် မိမိတို့၏အနာဂတ်အတွက် အလှဆုံးဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ သို့ဆိုပါလျှင် မူးယစ်ကိုယောင်မှားလို့မှ အသုံးမပြုလိုက်ပါနှင့်။ စူးစမ်းလေ့လာခြင်းမပြုပါနှင့်။ မိမိတို့ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပတ်သက်နေသူများနှင့် အကျွမ်းတဝင်မနေပါနှင့်ဟု ပြောလိုသည်။

လူငယ်မောင်မယ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မကောင်းသောသူနှင့် ပေါင်းသင်းမိပါက မိမိအတွက် အဆိုးသာဖြစ်လာမည်။ ကောင်းသောသူနှင့်ပေါင်းသင်းမှသာ ပညာကောင်း၊ အလိမ္မာကောင်းရရှိနိုင်သည်။ ကောင်းကျိုးဖြစ်ထွန်းပေမည်။ ကောင်းသောသူကို သူတော်ကောင်းဟု သတ်မှတ်သည်။ သူတော်ကောင်းသည် မှန်ကန်ကောင်းမွန်သောအယူအမြင်ရှိသည်၊ အကြံအစည်ရှိသည်၊ မှန်သောစကားကိုပြောဆိုသည်။ ကောင်းမွန်သောအလုပ်ကိုလုပ်ကိုင်သည်။ ကောင်းမွန်သောအသက်မွေးဝမ်းကျောင်းပြုသည်။ မှန်ကန်ကောင်းမွန်သော ဝီရိယ၊ သတိ၊ သမာဓိရှိသည်။ ထိုသူမျိုးနှင့် မိတ်ဆွေအပေါင်းအသင်းဖြစ်ပါက မိမိအတွက် ကောင်းကျိုးဖြစ်ထွန်းမည်။ မူးယစ်ဆေးဝါးစသည့်မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်နိုင်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းလာလျှင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကျဆင်းလာမည်ဖြစ်သည်။ ထိုသို့အခြေအနေမျိုးရောက်လာလျှင် လူသားအားလုံးအတွက်၊ နိုင်ငံတိုင်းအတွက် ကောင်းကျိုးများဖြစ်ထွန်းလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲ၍ ကြီးပွားတိုးတက်သွားသူ တစ်ဦးမျှမရှိသေးသော်လည်း မူးယစ်ဆေးဝါးကြောင့် ဘဝဆုံးရှုံးသွားကြသူများမှာ မရေမတွက်နိုင်အောင် များပြားလှသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လူငယ်မောင်မယ် ကျောင်းသား၊ ကျောင်းသူများကို အဓိက ရည်ညွှန်းနေသည်မှာ ၎င်းတို့သည် ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသည့်အတိုင်း နိုင်ငံတော်ကို ဦးဆောင်ကြရမည့်သူများဖြစ်သည့်အတွက် အလေးအနက်ထားခြင်းဖြစ်သည်။ သို့သော် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာတွင် အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ် ခွဲခြား၍ မရပါ။ အားလုံးက လိုက်ပါဆောင်ရွက်ကြရမည်သာဖြစ်သည်။

ယခုနှစ် ဇွန်လ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အခမ်းအနားများကိုကျင်းပကြသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။ အဆိုပါနေ့တွင် ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည်။ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှု၊ တရားခံ ၇၈၂၈ ဦး၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၉၉၈ ဒသမ ၆၀၄ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၂၉၉ ဒသမ ၈၈၁ သန်း)ရှိကြောင်း သိရသည်။ ဖမ်းဆီးရမိမှုများတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခြင်းမှာ အများဆုံးဖြစ်သည်။ ဖမ်းဆီးရမိဖြစ်စဉ်များတွင် ရှမ်းပြည်နယ်ဘက်မှထုတ်လုပ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးများကို ရခိုင်ပြည်နယ်သို့ ကုန်းလမ်းမှသယ်ဆောင်ပြီး ပြည်ပသို့ ရေလမ်းခရီးဖြင့်ပို့ဆောင်စဉ် ဖမ်းဆီးရမိခြင်းမှာ အများဆုံးဖြစ်သည်။

မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိရေးတွင် ဦးဆောင်ဦးရွက်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ စွမ်းဆောင်မှုများကို အထူးပင်တန်ဖိုးထားသည်။ ၎င်းတို့သည် မူးယစ်ဆေးဝါးအန္တရာယ်မှ လူသားတို့ကို ကယ်တင်နေကြသူများဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအပေါင်းအနေဖြင့်လည်း မိမိတို့၏လူမှုစီးပွားဘဝကို သာယာအေးချမ်းစွာဖြတ်သန်းလိုပါလျှင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြရမည်ဖြစ်သည်။ ထိုသို့ပါဝင်ခြင်းနှင့်အတူ "ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းနှင့်ပြည့်လိုလျှင် မူးယစ်ဆေးဝါးကိုရှောင်"ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# အဆိပ်ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲ ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့




**ရန်ကုန် ဇွန် ၂၅**

နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ဇွန် ၂၇ ရက်နေ့မှစတင်ကာ ရုံတင်ပြသမည့် အဆိပ် ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဇွန် ၂၄ ရက် ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အဆိပ် ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ဇွန် ၂၇ ရက်မှစတင်ကာ ရုံတင်ပြသမည့်ဖြစ်ကြောင်း ၎င်းဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ မင်းဦးထံက သိရသည်။

အဆိုပါ အဆိပ် ရုပ်ရှင်ဇာတ်ကားသည် ထင်ရှားသည့် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်) ၏ အောင်မြင်ခဲ့သည့် ဝတ္ထုကို မိုးနီလွင်က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ မင်းဦးက အောင်ခေတ်မင်းရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒါရိုက်တာအနေနဲ့ ရုပ်ရှင်ရိုက်ဖြစ်တာဆိုရင် ချူဆီ၊ ချူဆီ၂၊ ကိုယ်ပွားရယ် ဒီအဆိပ်ဇာတ်ကားရယ်။ ဒီဇာတ်ကားက လေးကားမြောက် ရုပ်ရှင်ဇာတ်ကားလို့ ပြောလို့ရပါတယ်" ဟု အကယ်ဒမီ မင်းဦးက ပြောပြ၍ သိရသည်။

အဆိုပါ အဆိပ် မြန်မာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်ဇော်၊ ကျော်ထက်အောင်၊ မယ်လိုဒီ၊ အေးဝတ်ရည်သောင်း၊ နန်းဆုဦး၊ မျိုးသန္တာထွန်းနှင့် အနုပညာရှင် ပေါင်းများစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

# 28 Years Later ဇာတ်ကား ပထမသီတင်းပတ်ကုန် ဝင်ငွေကန်ဒေါ်လာ သန်း ၃၀ ထိရရှိခဲ့

**နယူးယောက် ဇွန် ၂၅**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ 28 Years Later ဇာတ်ကားကို စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့် သန်း ၃၀ အကြားရရှိခဲ့ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် 28 Years Later ဇာတ်ကားကို ဇွန် ၁၉ ရက်တွင် ပွဲကြိုပြသခဲ့ပြီး ဇွန် ၂၀ ရက်တွင် စတင်ရုံတင်ပြသခဲ့သည်။

28 Years Later ဇာတ်ကားသည် ပွဲကြိုပြသမည့်နေမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းထိ ရရှိခဲ့သည်။

28 Years Later ဇာတ်ကားကို ဒါရိုက်တာ ဒန်နီဘွိုင်းက တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဲလက်စ်ဂါးလန်းက ရေးသားပေး ထားသည်။

28 Years Later ဇာတ်ကားတွင် မင်းသား ရက်ဖ်ဖင်းနက်၊ အေရွန်တေလာဂျွန်ဆင်၊ မင်းသမီး ဂျိုဒီကမ်မာတို့ပါဝင် သရုပ်ဆောင် ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် ရွှေထူး၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Active Bar, BBQ & Restaurant တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဇွန် ၂၅**

တေးသံရှင် ရွှေထူး၏ Shwe Htoo နဲ့ Active မှာ တွေ့ဖို့တံခါးဖွင့်ထားပါတယ် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Active Bar,BBQ & Restaurant ၌ လာမည့် ဇူလိုင် ၁၁ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ရွှေထူးထံက သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၏ Shwe Htoo နဲ့ Active မှာ တွေ့ဖို့ တံခါးဖွင့်ထားပါတယ် တေးဂီတ ဖျော်ဖြေပွဲတွင် ရွှေထူး၏ သီဆိုဖျော်ဖြေမှုများကို တေးသံရှင် ဘိုမ၏ BMB Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လှိုင်သာယာက ပရိသတ်တွေအတွက် Active က Come-back Event အဖြစ် ခပ်မိုက်မိုက် ပွဲလေး စီစဉ်ပေးထားတယ်။ ကျွန်တော်နဲ့အတူ အမြဲတမ်း Performance ကောင်းတွေ ဖျော်ဖြေပေးတတ်ပြီး အပျော်တွေ မျှဝေပေးတတ်တဲ့ ဘိုမရဲ့ BMB Band ကလဲ ပါဝင်အားဖြည့်ပေးသွားမှာပါ။ နောက်ပြီး အရှိန်လေးရလာရင် အမိုက်စား Beats တွေနဲ့ အမြင့်ဆုံးထိ ခေါ်သွားပေးမဲ့ DJ Mustache ကလဲ ဖျော်ဖြေပေးသွားအုံးမှာဆိုတော့ အခုပြုလုပ်မဲ့ တေးဂီတ ဖျော်ဖြေပွဲကတော့ ရေလည်လန်းမှာပါ"ဟု တေးသံရှင် ရွှေထူးက ပြောပြ၍ သိရသည်။




အဆိုပါ တေးသံရှင် ရွှေထူး၏ Shwe Htoo နဲ့ Active မှာ တွေ့ဖို့ တံခါးဖွင့်ထားပါတယ် တေးဂီတ ဖျော်ဖြေပွဲကို လာမည့် ဇူလိုင် ၁၁ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ပြီး ၎င်းတေးဂီတ ဖျော်ဖြေပွဲတွင် နာမည်ရ DJ တစ်ဦး ဖြစ်သည့် DJ Mustache ကလည်းပါဝင်ကာ ပံ့ပိုးဖျော်ဖြေတင်ဆက်ပေး မည်ဖြစ်ကြောင်း သိရသည်။

ASH

# A Good Fight ဟာသဒရာမာဇာတ်ကား၌ ဘိုဘိုးစတီးဝပ်နှင့် အဘီဂျီးလ်ဘရက်စလင်းတို့ပါဝင်မည်

**နယူးယောက် ဇွန် ၂၅**

A Good Fight အမည်ရှိ ဟာသဒရာမာ ဇာတ်ကားသစ်တွင် မင်းသား ဘိုဘိုးစတီးဝပ်နှင့် မင်းသမီး အဘီဂျီးလ်ဘရက်စလင်း တို့ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

A Good Fight ဇာတ်ကားသည် မြို့ငယ်လေးတစ်မြို့မှ စီးပွားရေး လုပ်ငန်းရှင်တစ်ဦး အမျိုးသမီး သတင်းထောက်တစ်ဦးနှင့်တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့ပြီးနောက် ကြုံတွေ့ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

A Good Fight ဇာတ်ကားကို ဒါရိုက်တာ ရောဘတ်ရစ်ဘာဂျာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပီးရက်စ်ဂါဒနာက ရေးသားပေး ထားကြောင်း သိရသည်။

A Good Fight ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုလကုန်ပိုင်းတွင် စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

၎င်းဇာတ်ကားရုံတင်ပြသမည့် ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# အကယ်၍ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်ကြီးတွင် ပြုလုပ်

**ရန်ကုန် ဇွန် ၂၅**

ကုမုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်မည့် အကယ်၍ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံ စေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကယ်၍ အမည်ရှိ မြန်မာရုပ်ရှင် ဇာတ်ကားကြီး၏ ဝတ္ထုဇာတ်လမ်းကို ဝေမျိုးသစ်က ရေးသားရေးဖွဲ့ထားပြီး အကယ်ဒမီ အေးသီရိကိုက ဇာတ်ညွှန်း ရေးညွှန်းထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင် (PPN) ရွှေနဒီရွှေရည် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးမည်ဖြစ်သည်။

" ဒီနေ့ကန်တော့ပွဲ ပေးလုပ်တဲ့ ဇာတ်လေးကဆရာမ မဝေမျိုးသစ်ရဲ့ အကယ်၍ ဇာတ်လေးပါ။ တကယ့်ဖြစ် ရုပ်မှန်ဇာတ်လေးကို ရုပ်ရှင်ဇာတ် ကားကြီး ဖန်တီးဖို့ပါ။ နောင်မှ နောင်တရတဲ့ ပုံစံလေးကို အကယ်၍ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ အိမ်ထောင်ရေးဒရာမာ ဇာတ်လမ်းပါ။ ဇွန် ၂၅ ရက်က စပြီးတော့ ရန်ကုန်မြို့မှာပဲ ဇာတ်အိမ်တည်ပြီး ရိုက်ကူးသွားမှာပါ" ဟု ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ပြောပြသည်။

အကယ်၍ ရုပ်ရှင်ဇာတ်ကားကို မူလက ရွှေနဒီရွှေရည်ရုပ်ရှင် ထုတ်လုပ်ရေးဖြင့် အကယ်၍သာ အမည်ဖြင့် ရိုက်ကူးရန်ဖြစ်သော်လည်း ယခုအခါ ကုမုဒြာရုပ်ရှင် ထုတ်လုပ်ရေးဖြင့် ပြောင်းလဲကာ ဇာတ်ကား အမည်ကိုလည်း အကယ်၍ အမည်ဖြင့် ပြောင်းလဲရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကယ်၍ ရုပ်ရှင်ဇာတ်ကားတွင် စိုးစည်တွမ်ခမ်း၊ နေထွဋ်၊ စိုးပြည့်သဇင်၊ မေမြင့်မိုရ်၊ မေပန်းချီ၊ ခင်ဇာခြည်ကျော်၊ ဆုမြတ်နိုးဇင်နှင့် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of National Solidarity and Peacemaking Central Committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Peace Forum 2025: a discussion and review meeting on “Towards a new nation of peace and prosperity through the integration of peace, elections and development”



Senior General Min Aung Hlaing delivers address at the Peace Forum 2025.

**Nay Pyi Taw June 25**

Peace Forum 2025: a discussion and review meeting on“Towards a new nation of peace and prosperity through the integration of peace, elections and development” began at Mingala Thiri Hotel in Nay Pyi Taw this morning, addressed by Chairman of National Solidarity and Peacemaking Central Committee Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the forum were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, Joint SAC Secretary General Ye Win Oo,SAC members, union ministers, senior military officers from Office of Commander-in-Chief, members of the of National Solidarity and Peacemaking Negotiation Committee (NSPNC), retired senior military officers, representatives of Joint Ceasefire Monitoring Committee (JMC), political parties and NCA signatory EAOs, peace negotiators, stakeholders, internal and external intellectuals and intelligentsia, departmental officials, professors, local and foreign NGOs, diplomats, representatives of various associations, and observers.

First, the Senior General and participants enjoyed the dance depicting the song "Lush Green Ideas for Peaceful Landscape" of all ethnic people presented by the Fine Arts Department of the Ministry of Religious Affairs and Culture.

Then, foreign experts participating in the event were introduced one by one.

Afterward, the Senior General delivered an opening speech. (The opening speech of the Senior General is published separately.)

Then, the Senior General made additional remarks, saying the ongoing armed conflicts are issues that are based on politics and peace. In terms of politics, it can be seen that there are two parts such as democracy and federal rights. After regaining independence, the country pursued a parliament democracy system. Since then, Myanmar aimed to adopt socialism. It was clearly stated in the independence speech of the first President of Myanmar Sao Shwe Thaik that socialism would be implemented in Myanmar. Socialism was first introduced after 1962. Preparations were made to pave the way for a multi-party democracy system after 1988 under the leadership of the Tatmadaw. The transition was carried out systematically due to armed conflicts in the country. These armed conflicts are ongoing at present, leading to the current situation.

The Tatmadaw had to assume the state responsibilities due to electoral irregularities. Therefore, holding elections and convening the Hluttaw is the best political solution. We will hold elections in December this year and January without fail. In doing so, the government will take measures to enable all eligible voters to cast their votes. We have been making preparations to hold a free and fair election.

Regarding federal rights, it has been observed that the 2008 Constitution grants federal rights, and it is necessary to review our country's history. There are also ethnic rights and political demands that require amendments to the Constitution, which we will address in accordance with the constitutional provisions.

*See Page 13*


Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.


Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.


Senior General Min Aung Hlaing presents a commemorative gift to a foreign resource person.

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Republic of Belarus to attend fourth EEF 2025



Senior General Min Aung Hlaing being seen off at the airport by officials.




Senior General Min Aung Hlaing arrives at the international airport in Minsk.

**Nay Pyi Taw June 25**

At the invitation of President of the Republic of Belarus H.E. Mr. Alexander Grigoryevich Lukashenko, who is the rotating chairman of EAEU, a high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left Nay Pyi Taw Tatmadaw Airport by special flight this morning to attend the fourth Eurasian Economic Forum (EEF) 2025 in Minsk.

The Senior General and delegation were seen off at the airport by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC members, union ministers, senior military officers from Office of Commander-in-Chief, the ambassador of Russian Federation to Myanmar and officials at the airport.

Together with the Senior General, members of the delegation, Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, Deputy Prime Minister Union Minister for Foreign Affairs U Than Swe, Union Minister for Investment and Foreign Economic Relations Dr Kan Zaw, senior military officers from Office of Commander-in-Chief, deputy ministers and military and civilian officials left the airport on the same flight.

During the visit, the Senior General will attend the fourth EEF 2025, hold an exclusive meeting with the Belarusian President, hold talks with the Chair of the Board of Eurasian Economic Commission, and visit factories. The visit will focus on cementing strategic cooperation in multi-sectors including friendship, economy, security between the governments and peoples of the two countries and enhancing economic cooperation with members of the Eurasian Economic Union (EAEU).

Then, the Myanmar high-level delegation led by the Senior General arrived at the international airport in Minsk in the evening and was warmly greeted by Deputy Prime Minister of the Republic of Belarus Mr. Yuri Shuleiko, Deputy Foreign Minister (1) Mr. Lukashevich Sergey Vlamdimirovich and officials, Myanmar Ambassador to the Republic of Belarus U Thit Lin Ohn, Military Attache' (Army, Navy, Air) Brig-Gen Kyaw Soe Oo and Consul General in Minsk U Moe Kyaw Thu.

At the airport, the Senior General was honoured and greeted by Guard of Honour of the Republic of Belarus in accordance with the tradition of greeting heads of state. 100

*From Page 12*

The Tatmadaw will act in line with the people's wishes to achieve the best outcomes. The previous governments compiled the results of peace conferences into the Union Accord and submitted them to the Union Parliament. Once new parliaments are formed after the elections, this process will be resumed. The outcomes of current discussions, including those from this peace forum, will also be submitted to the parliament for decision-making. Primarily, peace must be pursued with genuine sincerity, and efforts must be made to build a better nation. We are committed to national prosperity and believe that all citizens across the country share this mindset. Similarly, we trust that all international scholars and diplomats attending this forum will contribute to Myanmar's welfare. Therefore, we believe this forum will yield successful discussions to achieve positive outcomes.

Following this, the Senior General presented commemorative gifts to each of the international scholars participating in the peace forum. Attendees then watched a video clip titled "May the Flames of War Cease, the Grass Grow Green, and Songs of Peace Ring Sweet," highlighting peace efforts.

Afterward, the Senior General posed for a group photo with the attendees. Following the ceremony, the Senior General and attendees toured the exhibition commemorating the Peace Forum 2025—"Towards a new nation of peace and prosperity through the integration of peace, elections and development."

This peace forum aims to discuss the nation's peace, stability, rule of law, and successful election processes. Domestic and international experts, professionals, and representatives from various sectors will openly exchange views and experiences. The recommendations gathered will be used to advance peace, elections, and national economic development. The forum, held from June 25 to 27, is intended to further these efforts. 100



Senior General Min Aung Hlaing looks around the Forum commemorative exhibition.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# An opening speech delivered by Chairman of the State Administration Council Prime Minister Chairman of the National Solidarity and Peacemaking Central Committee Senior General Min Aung Hlaing at the opening ceremony of the Peace Forum 2025 (25 June 2025)

**Ladies and Gentle Men, Mingalaba!**

First of all, I would like to extend my warm greetings and best wishes for physical and mental well-being, prosperity, and happiness to all those attending today's opening ceremony of the Peace Forum 2025, including officials from the State, distinguished international guests, diplomats from various foreign embassies, both local and international experts participating in the forum discussions, representatives from political parties, individuals from civil society organizations, and delegates from various organizations.

Starting today, the Peace Forum being held is a significant milestone in the ongoing peace process, as it is an event where international scholars, officials from relevant organizations, and individuals are personally participating and engaging in discussions.

Through this ongoing discussion, we aim to engage in dialogue, coordination, and the search for solutions regarding the peace that our country primarily needs. Therefore, I believe that this forum will contribute meaningfully toward achieving long-lasting and sustainable peace in our nation.

**Esteemed distinguished guests,**

In our country, it is well known that with independence came internal armed conflicts. This issue has been addressed by successive governments using their own approaches as best as they could. Although a parliamentary democracy system was practised after regaining independence, due to the country's historical and political circumstances, in 1962 the Revolutionary Council took over national responsibilities and transitioned to a socialist system—essentially a centralized form of government—which continued until 1988. Responding to the people's demand for a transition to a multiparty democracy, the Tatmadaw in 1988 undertook this transformation gradually under the State Law and Order Restoration Council and later the State Peace and Development Council. Administrative and economic systems were progressively reformed, and a constitution aligned with the country's conditions was drafted and approved through a referendum to facilitate the implementation of a multiparty democratic system. The transition to the desired multiparty democracy was successfully and peacefully completed in 2011. Everyone has to remember that this reflects the fact that the Tatmadaw has long given importance to and worked toward establishing a democratic system.



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at the Peace Forum 2025.

The Tatmadaw, upon the emergence of the Nationwide Ceasefire Agreement (NCA) in 2015, established six peace principle policy, which it has continued to uphold and implement to this day. These peace policies that we have adopted and are following not only reflect the core essence of the NCA but also embody the "awareness" gained through successive eras of peace efforts. They represent the "realities" that must be adhered to in order to build a lasting and stable peace.

During the second term of the democratic government, efforts were made to rename the peace conference as the "21st Century Panglong Conference." However, this change posed historical challenges, so awareness campaigns had to be carried out. During that time, the Tatmadaw cooperated as much as possible to align with the process. We tried to strengthen civil-military relations. However, at that time, the Hluttaw and the government endorsed statements and directives that were not in line with the law and carried out many actions that violated legal frameworks. As a result, it is widely acknowledged that the second democratic government veered off the democratic path, leading to the current situation.

**Esteemed distinguished guests,**

Our nation's ultimate aspiration is to establish a "Union State" based on democracy and a federal system. Democracy means a system of governance chosen by the people, while federalism refers to the sharing and enjoyment of powers and rights. In other words, federalism is a principle where different regions, states, ethnic groups, and communities come together and exercise shared authority, emphasizing unity in coexistence and the equitable sharing of power.

Therefore, to ensure broader representation of diverse groups—such as various parties and ethnic groups—I have stated that in the upcoming election at the end of this year, in addition to the currently used First-Past-The-Post (FPTP) system, a Proportional Representation (PR) system will also be applied in a mixed format.

As we have taken responsibility for the State in accordance with the 2008 Constitution, we are committed to implementing the multiparty democratic system that the people aspire to. From the beginning of our assumption of duties, we have included this commitment in No 5 of the Five-Point Roadmap. Therefore, our government will hold elections as originally planned.

When it comes to holding general elections, it is ideal if they can be conducted nationwide. However, during the elections in 2010, 2015, and 2020, we also witnessed that it was not possible to conduct fully inclusive multiparty democratic general elections. Even during the era of the AFPFL, elections were carried out amid various difficulties. Likewise, we are currently making the necessary preparations to hold the elections as widely and extensively as possible. Most importantly, the elections must be free and fair.

Under the current circumstances, it has been observed that elections and the convening of respective Hluttaws can be carried out in accordance with the 2008 Constitution and the respective election laws of the parliaments. The Constitution stipulates that holding elections must be carried out with the decision of the National Defence and Security Council. Therefore, as originally intended, elections will be held in accordance with the provisions of the law, and power will be transferred to the government elected by the people.

The ability to hold elections largely depends on the country's internal stability, peace, and security progress. Once elections are held, respective parliaments will emerge according to the law, and they will be able to engage in nation-building activities and long-term peace-building processes. For this reason, we all must collectively strive to successfully hold free and fair elections. When the Hluttaw is formed and the time comes to proceed along the democratic path that we aim for, we want to emphasize that resorting to arms to demand one's desires, or using armed struggle based on ethnicity or regionalism to prioritize one's own interests, is contrary to democracy and is not the right path. Aspirations must be discussed, decided, and implemented through the respective parliaments.

**Esteemed distinguished guests,**

When practising and implementing democracy, it is important to learn lessons from the experiences of some countries around the world and apply them appropriately. Across the globe, although many countries adopt democratic systems, the way they practice democracy differs from one country to another. Even among Western European nations, no two countries follow the exact same model. Similarly, in our Asian countries, there is no uniform approach either. In our case, we will not simply copy and paste other countries' systems in practising democratic system. Instead, we will take the lead in building and practising democracy in our own way, in accordance with our own identity aligns with our own country's history, lifestyle, cultural characteristics, and traditional customs.

*See Page 15*

# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Novosibirsk, Russian Federation; leaves for Republic of Belarus

**Nay Pyi Taw June 25**

At the invitation of President of the Republic of Belarus H.E. Mr. Alexander Grigoryevich Lukashenko, who is the rotating chairman of EAEU, a high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left here by special flight this morning to attend the fourth Eurasian Economic Forum (EEF) 2025 in Minsk. The Senior General and delegation arrived in Tolmachevo Airport, Novosibirsk, in the evening, and were warmly welcomed by Governor of Novosibirsk Mr. Travnikov Ahdrey Aleksandrovich and officials there.




The Senior General and the governor cordially exchanged views on promotion of economic cooperation, air transport services and tourism between Myanmar and Novosibirsk, Russian Federation, and with ASEAN countries.

After the meeting, the Senior General and the governor exchanged commemorative gifts.

Afterwards, the Senior General and delegation left Tolmachevo Airport for the Republic of Belarus, and were seen off there by the governor and officials. 100

**Senior General Min Aung Hlaing arrives in Novosibirsk, Russian Federation.**

*From Page 14*

In carrying out this process, if the interests of the State and the people are placed at the forefront and everyone works together in unity, it will lead to effective success. We are not starting to practise this democratic system for the first time in our country. Since gaining independence, we have already begun implementing a parliamentary democracy system. Even then, the country faced many difficulties. Under the 2008 Constitution, when the first democratic government took office in 2011, although it was able to carry out reforms and changes in democracy, politics, economy, society, international relations, and other sectors, it also encountered numerous challenges. Learning from these lessons, it is necessary to develop and implement a democratic system that fits our own country's context.

**Esteemed distinguished guests,**

It is necessary to have educated people for the future of the nation. When education is weak, it leads to misunderstandings and incorrect beliefs. Only when there are educated people in every state and region can the nation's future be assured and prosperous. Therefore, we must review and study the education systems that have been practiced over time, and continue to support and implement the necessary reforms and improvements. According to current conditions, it has been found that young people today need to complete at least up to the KG+9 level of education.

"Stability and peace" are essential requirements to realize democracy. Our shared desire is primarily to ensure unity, equality, and secure socioeconomic rights for all ethnic peoples. By living peacefully and working well, we can achieve progress in our own lives. For such conditions to exist, it is truly necessary for us to meet face to face, honestly and openly exchange our views, and engage in sincere dialogue.

We are pursuing peace primarily based on the 2008 Constitution and the Nationwide Ceasefire Agreement (NCA) framework. The negotiation of peace needs to prevent foreign interference as well as to carry out internal sabotage and destructive activities in a clean and clear manner. I fully believe that only when national brethren come together with a spirit of Union and engage in political dialogue to find solutions can genuine and sustainable peace be successfully achieved.

Regarding international relations, while it is necessary to be in solidarity with countries around the world, special care must be taken not to become dominated or influenced by others. Based on our historical background, our country practises an independent, active, and non-aligned foreign policy, maintaining friendly and unbroken relations with other nations, and peacefully coexisting according to the five principles of peaceful coexistence. It is also necessary to have cooperative relations with neighboring countries that cannot be divided from us, and to respect and uphold our existing laws.

**Esteemed distinguished guests,**

Right after the State Administration Council took office, the very first priority was negotiating durable peace. Therefore, committees for peace were also established. From February 2021 until now, the door has always been open for peace talks, with no preconditions, and invitations and meetings for discussions have been conducted, as everyone is already aware.

I earnestly urge ethnic armed organizations to sincerely and genuinely consider their own wishes and organizational interests in balance with the interests of the Union and all ethnic peoples, and work with foresight and vision toward achieving peace in the Union.

When we pursue a multiparty democratic system, differences of opinion between individuals can arise. However, demanding one's desires through armed struggle line means is a wrong path. Political problems must be resolved by political methods—that is the most correct way. Therefore, I urge ethnic armed organizations to actively work toward finding solutions to their demands through political dialogue and negotiation. Only then can all of us ethnic peoples unite, cooperate, and firmly build the Union based on the democracy and federal system we aspire to.

Achieving internal conflict resolution and lasting durable peace is equally crucial in our efforts to build the Union we aspire to. In light of the losses and sufferings caused by armed conflict and violent acts in the country, it is necessary to work hand in hand with the people to achieve lasting peace and development. Therefore, ethnic armed organizations opposing the State, violent insurgent groups, and PDF terrorist groups are repeatedly invited and encouraged to abandon armed terror line and instead resolve political issues through political means via political party and electoral processes. Since political solutions can only be found through dialogue around the negotiating table, this forum reiterates its continuous welcome and openness to peace talks.

**Esteemed distinguished guests,**

In today's forum, individuals from various sectors and diverse organizations are participating. We have invited all stakeholders involved in peace to make this forum an inclusive national dialogue. However, some were unable to attend due to various reasons. We remain always open and welcoming for meetings and discussions, keeping the interests of the country and its people in mind. It would be better for the country if all relevant parties can participate and engage in dialogue as early as possible. Therefore, we extend further invitations for such meetings and discussions.

Peace is not something that can be clearly defined or fixed. It must be achieved and realized through positive results that arise from meetings, discussions, and negotiations. Therefore, all of us must first and foremost come together and engage in dialogue without fail. It is each of our individual responsibilities to make such meetings and discussions possible.

We have always kept the door to peace open and welcoming. Therefore, we encourage all armed groups to actively work toward finding solutions to their legitimate demands through political dialogue and close negotiation.

We conclude by saying, "Let us walk together hand in hand on the path of dialogue to end armed conflicts and achieve lasting and sustainable peace in our country."

Thank you all.







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များကို တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ ပြည်တွင်း၊ ပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သောပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ သံတမန်များ၊အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများတက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စိမ်းလန်းအတွေးရည် ငြိမ်းချမ်းတေးပန်းချီ" တိုင်းရင်းသားပေါင်းစုံ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ပြည်ပဧည့်သည်တော်ပညာရှင်များကို တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၁၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကိုအခြေခံသည့် ပြဿနာ၊ ငြိမ်းချမ်းရေးကိုအခြေခံသည့်ပြဿနာများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေခံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးဟူ၍ နှစ်ပိုင်းတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးသည့်အချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့ကြောင်း၊ ၎င်းအချိန်ကတည်းကပင် မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးရန် ရည်မှန်းချက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ စဝ်ရွှေသိုက်၏ လွတ်လပ်ရေးမိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးရန်အတိအလင်း ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မူ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရန်အတွက် ပြင်ဆင်မှုများကို တပ်မတော်က ဦးဆောင်ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံအတွင်း လက်နက်ကိုင် ပဋိပက္ခများရှိခြင်းကြောင့် အသွင်ကူးပြောင်းမှုကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါလက်နက်ကိုင်ပဋိပက္ခများ ယနေ့တိုင်ချုပ်ငြိမ်းခြင်းမရှိခြင်းကြောင့်လည်း ယခုကဲ့သို့အခြေအနေများဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ လွှတ်တော် ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရအကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေးကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များကို တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

## "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 ကျင်းပ

နေပြည်တော် ဇွန် ၂၅

"ငြိမ်းချမ်းရေး၊ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"သုံးသပ်ဆွေးနွေးပွဲငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်ခန်းမ၌ ကျင်းပသည်။




ငြိမ်းချမ်းရေးဖိုရမ်သို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ စုစုပေါင်း ၂၅၉ ဦး တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံး

ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကိုလည်း ပြန်ကြည့်ရန်လိုကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရ တောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန်လိုအပ်သည်များကို မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများလက်ထက်က ငြိမ်းချမ်းရေးညီလာခံရလဒ်များကို ပြည်ထောင်စုသဘောတူညီချက်(Union Accord)အဖြစ် စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း၊ ရွေးကောက်ပွဲအပြီး လွှတ်တော်များပေါ်ပေါက်လာပါက ၎င်းလုပ်ငန်းစဉ်ကို ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုငြိမ်းချမ်းရေးဖိုရမ်အပါအဝင် မိမိတို့လက်ထက် ဆွေးနွေးမှုရလဒ်များကိုလည်း လွှတ်တော်သို့ တင်ပြဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း၊ **အဓိကအားဖြင့် ငြိမ်းချမ်းရေးကိုအမှန်တကယ်လိုလားစွာဖြင့်ဆောင်ရွက်ပြီး တိုင်းပြည်ကောင်းအောင်ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိပြည်သူများအားလုံးအနေဖြင့်လည်း ယခုကဲ့သို့စိတ်သဘောထားရှိမည်ဟု ယုံကြည်ကြောင်း၊ အလားတူ **ယခုဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ပမှပညာရှင်များနှင့်သံတမန်များအားလုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ပေးမည်ဟု ယုံကြည်**ကြောင်း၊ ထို့ကြောင့်ကောင်းကျိုးများ ဆောင်ရွက်နိုင်ရန်အတွက်ဆောင်ရွက်သည့် ယခုဖိုရမ်သည် အောင်မြင်သည့်ဆွေးနွေးမှုများရရှိလိမ့်မည်ဟုယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော် ပညာရှင်များအား တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ "စစ်မီးလည်းငြိမ်း မြက်ခင်းစိမ်း၍ ငြိမ်းချမ်းတေးများချိုလွင်စေ" ဟူသည့် ငြိမ်းချမ်းရေးကြိုးပမ်းမှု Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူစုပေါင်းဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"သုံးသပ်ဆွေးနွေးပွဲအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါငြိမ်းချမ်းရေးဖိုရမ်ကို နိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပမှအသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှတက်ရောက်လာကြသူများက အမြင်သဘောထားများ၊ အတွေ့အကြုံများမျှဝေဖလှယ်ခြင်းများကို အလွတ်သဘောကျယ်ပြန့်စွာဆွေးနွေးကြပြီး ရရှိလာသည့် အကြံပြုချက်များကို ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များအား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်၍ ယနေ့မှ ဇွန် ၂၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်များကို တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသည့် ပြည်ပဧည့်သည်တော်ပညာရှင်တစ်ဦးကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 "ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့"သုံးသပ်ဆွေးနွေးပွဲအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ပကတိအခြေအနေကိုသိမြင်ပြီး နိုင်ငံသားအားလုံးက မိမိတို့ နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်၍ တွေ့ကြုံလာသည့်အခက်အခဲများကိုလည်း နိုင်ငံသားအချင်းချင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အချင်းချင်းအမြင်တူသည်များကိုစုပေါင်းလုပ်ဆောင်၍ အမြင်မတူသည်များကိုညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကိုဘုံရည်မှန်းချက်အဖြစ်ထားရှိဆောင်ရွက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အရေးပါသောအကြံဉာဏ်များနှင့် အကူအညီများပေးနိုင်သည့် နိုင်ငံတကာမှ မိတ်ဆွေများ ပူးပေါင်းပါဝင်လာရေးသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကြီးမားသည့် အထောက်အပံ့တစ်ခုဖြစ်ကြောင်း၊ ယခုနှစ်ကုန်တွင်ကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအလွန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ပြီး လက်တွေ့ကျသည့် နည်းဗျူဟာများကို ဖိုရမ်တွင်ဖော်ထုတ်နိုင်ကြမည်ဟုယုံကြည်ထားသည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့်အကြံဉာဏ်ကောင်းများထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း၊ ငြိမ်းချမ်းရေးဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် "ငြိမ်းချမ်းရေး၊ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" နှင့်အညီ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် လွတ်လပ်၍ တရားမျှတသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများမှတစ်ဆင့် စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော်တည်ဆောက်ရန်အတွက် လိုအပ်သောအခြေခံအုတ်မြစ်များခိုင်မာလာစေရေးတို့အတွက် မည်ကဲ့သို့ဆောင်ရွက်သင့်သည်များကိုလေ့လာဆန်းစစ်ပြီး ပြည်သူကိုဗဟိုပြုသော ခိုင်မာသည့်လမ်းကြောင်းများကိုဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် Peace Forum မှတစ်ဆင့် ရည်ရွယ်ချက်လေးရပ်ဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုမြှင့်တင်နိုင်ရန်၊ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများတည်ဆောက်ရန်၊ လူသားချင်းစာနာမှုအကူအညီများနှင့် လူမှုစီးပွားဘဝစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်တို့အတွက် ထပ်ဆင့်အကျိုးဖြစ်ထွန်းစေရန်လည်း မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကိုဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းအဖြေရှာဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဆန္ဒ၊ အကျိုးစီးပွားထက် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူများအားလုံး၏အကျိုးစီးပွားကိုရှေးရှု၍ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားဧည့်သည်တော်ပညာရှင်များဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun၊ အိန္ဒိယနိုင်ငံမှ သံအမတ်ကြီး(ငြိမ်း) Mr. JaideepMazumdar၊ ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး(ငြိမ်း) Mr. Sihasak-Phuangketkeo၊ ရုရှားနိုင်ငံမှ Professor Aleksandr GelyevichDuginတို့က ငြိမ်းချမ်းရေးဖိုရမ်နှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ဆက်လက်ပြီး နိုင်ငံခြားဧည့်သည်တော်ပညာရှင် ရှစ်ဦးက "ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အခွင့်အလမ်းများ"၊ "ပဋိပက္ခအပြီးပြန်လည်တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ပြန်လည် ထူထောင်ရေးဆိုင်ရာတို့နှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရမည့်လုပ်ငန်းစဉ်များ"ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူကိုယ်စားလှယ်အသီးသီးကဆွေးနွေးမေးမြန်းခြင်း၊ အကြံပြုခြင်းများပြုလုပ်ကြကာ ဦးဆောင်ဆွေးနွေးသူများကမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ငြိမ်းချမ်းရေးဖိုရမ်မှရရှိလာမည့် အပြုသဘောဆောင်သော အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့သို့ ရောက်ရှိ၊ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၂၅**

EAEU ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025) သို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်သို့ ရောက်ရှိရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovichနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်ဒေသတို့အကြားအာဆီယံဒေသ တွင်းနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ လေကြောင်းပြေးဆွဲမှုများမြှင့်တင်နိုင်ရေး၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့သည် နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်မှ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြတ်)

☆ ကျောဖုံးမှအဆက်

လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီး များ၊စစ်ဘက်၊နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွား ရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် သီးခြား တွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများ သို့သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွား ရေး၊လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်း စုံတွင် မဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမို တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွား မည်ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်း တွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတ နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shu-leiko၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦး နှင့် မင့်စ်မြို့ရှိ မြန်မာနိုင်ငံကောင်စစ် ဝန်ချုပ် ဦးမိုးကျော်သူတို့က လှိုက်လှဲ နွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြု တပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆို သည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆို ခဲ့ကြောင်း သတင်းရရှိသည်။ (ဖြတ်)

# ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**အားလုံးပဲ မင်္ဂလာပါ**

ဒီကနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ ဖိုရမ်မှာပါဝင်ဆွေးနွေးကြမယ့်ပြည်တွင်းပြည်ပပညာရှင်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များနဲ့ တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ကစပြီးကျင်းပမယ့် ငြိမ်းချမ်းရေးဖိုရမ်ဟာနိုင်ငံတကာက ပညာရှင်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်တက်ရောက်ဆွေးနွေးတဲ့ပွဲဖြစ်လို့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုမှာ ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ခုဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

ယခုကျင်းပတဲ့ဆွေးနွေးပွဲကနေတစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာ၊ သုံးသပ်အကြံပြုချက်တွေ ပြုလုပ်သွားကြမှာဖြစ်တဲ့အတွက် ဒီဖိုရမ်ကနေကျွန်တော်တို့နိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး ရရှိဖို့ အထောက်အကူဖြစ်စေလိမ့်မယ်လို့ယုံကြည်ထားပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ–**

ကျွန်တော်တို့နိုင်ငံမှာလွတ်လပ်ရေးနဲ့အတူ ပြည်တွင်းလက်နက်ကိုင်ပြဿနာကလည်း ဒွန်တွဲပါလာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီပြဿနာကို ခေတ်အဆက်ဆက်အစိုးရတွေကလည်း တတ်နိုင်သမျှ သူ့နည်းသူ့ဟန်နဲ့ဖြေရှင်းဆောင်ရွက်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရရှိပြီးချိန်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပေမယ့်နိုင်ငံတော်ရဲ့သမိုင်းကြောင်းအခြေအနေများအရ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကိုရယူပြီး ဆိုရှယ်လစ်စနစ် တစ်နည်းအားဖြင့် ဗဟိုဦးစီးအစိုးရစနစ်ကို ပြောင်းလဲလျှောက်လှမ်းပြီး ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ် ကူးပြောင်းဖို့ ပြည်သူများရဲ့တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ ဒီမိုကရေစီကူးပြောင်းရေးကို တစ်ဆင့်ပြီး တစ်ဆင့် အသားကျဖြစ်အောင်လုပ်ဆောင်ခဲ့ပါတယ်။ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်တို့ကို တဖြည်းဖြည်းချင်းပြောင်းလဲခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ရဲ့အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနဲ့အောင်မြင်စွာကူးပြောင်းပေးနိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် တပ်မတော်အနေနဲ့ဒီမိုကရေစီစနစ်ကို ယခင်ကတည်းက အလေးထား ဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို ပြန်လည်အမှတ်ရစေလိုပါတယ်။

တပ်မတော်အနေနဲ့ ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီးပေါ်ပေါက်လာတာနဲ့တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကိုချမှတ်ပြီး ယနေ့တိုင် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက်ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ **“အသိတရား”** တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် **“အရှိတရား”** တွေဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလမှာ ငြိမ်းချမ်းရေးညီလာခံကို ၂၁ ရာစုပင်လုံအဖြစ်အမည်ပြောင်းလဲနိုင်ရေးဆောင်ရွက်ခဲ့တာကိုလည်းတွေ့ပါတယ်။ ဒီလိုပြောင်းလဲမှုကသမိုင်းကြောင်းအရအခက်အခဲတွေရှိလာနိုင်တဲ့အတွက် အသိပေးမှုတွေဆောင်ရွက်ခဲ့ရပါတယ်။ အဲ့ဒီကာလတုန်းက တပ်မတော်အနေနဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို အတတ်နိုင်ဆုံးလိုက်လျောဆောင်ရွက်ပေးခဲ့ပါတယ်။ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးကိုမြှင့်တင်နိုင်ဖို့ ကျွန်တော်တို့ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမဲ့ အဲ့ဒီအချိန်ကလွှတ်တော်နဲ့ အစိုးရအနေနဲ့ ဥပဒေနဲ့မညီညွတ်တဲ့ပြောဆိုမှုတွေ၊ ပြဋ္ဌာန်းချက်တွေကိုအတည်ပြုခဲ့ပြီး ဥပဒေနဲ့မညီညွတ်တဲ့ကိစ္စရပ်များစွာလုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီဒုတိယအစိုးရလက်ထက်မှာ ဒီမိုကရေစီလမ်းကြောင်းနဲ့လွဲချော်ပြီး လက်ရှိအခြေအနေကို ရောက်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ–**

ကျွန်တော်တို့နိုင်ငံရဲ့အန္တိမမျှော်မှန်းထားတဲ့ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ **“ပြည်ထောင်စုနိုင်ငံ”** ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ရပိုင်ခွင့်တွေကို မျှဝေခံစားစေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုတာ မတူကွဲပြားတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေနဲ့လူမျိုးစုတွေ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်းတို့ပဲဖြစ်ပါတယ်။

ဒါကြောင့် မတူကွဲပြားတဲ့ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် ယခုနှစ်အကုန်ပိုင်းမှာ ကျင်းပမယ့်ရွေးကောက်ပွဲမှာ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) အပြင် အချိုးကျကိုယ်စားပြုစနစ်(PR)စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားမယ်လို့ ကျွန်တော် ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေအကောင်အထည်ဖော်ပေးမှာဖြစ်ပါတယ်။ စတင်တာဝန်ယူကတည်းက ရှေ့လုပ်ငန်းစဉ်အမှတ်စဉ်(၅)မှာလည်း ထည့်သွင်းချမှတ်ထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရက မူလရည်မှန်းထားတဲ့အတိုင်း ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။

အထွေထွေရွေးကောက်ပွဲပြုလုပ်တယ်ဆိုရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆောင်ရွက်နိုင်ရင် အကောင်းဆုံးပဲဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၀၊၂၀၁၅နဲ့၂၀၂၀ရွေးကောက်ပွဲကာလတွေတုန်းကလည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွေကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဖဆပလခေတ်တုန်းကလည်း အခက်အခဲတွေကြားကနေဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ အခုလည်း ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကိုဖြစ်နိုင်သမျှကျယ်ကျယ်ပြန့်ပြန့်ကျင်းပနိုင်ဖို့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေကို အလေးထားဆောင်ရွက်နေပါတယ်။အဓိကကတော့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့လိုပါတယ်။

ယခုလက်ရှိအခြေအနေမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်အသီးသီးရဲ့ ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်ပွဲနဲ့ လွှတ်တော်အသီးသီးခေါ်ယူကျင်းပခြင်းတို့ကို ဥပဒေနဲ့အညီဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါတယ်။ ရွေးကောက်ပွဲကျင်းပဖို့အတွက် အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့အဆုံးအဖြတ်နဲ့ဆောင်ရွက်နိုင်တာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်ကျွန်တော်တို့ မူလရည်မှန်းထားခဲ့တဲ့အတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ရွေးကောက်ပွဲကျင်းပပြီးတော့ ပြည်သူကရွေးကောက်တင်မြှောက်လိုက်တဲ့အစိုးရကို နိုင်ငံတော်အာဏာလွှဲပြောင်းပေးမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲကျင်းပနိုင်ရေးဟာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေပေါ်မှာ အများကြီးမူတည်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးရင် ဥပဒေနဲ့အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ရေးရှုဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပြီး ကျွန်တော်တို့သွားချင်တဲ့ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်တဲ့အချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကိုတောင်းဆိုတာမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကိုဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ မိမိတို့ရဲ့ဆန္ဒကိုသာဦးစားပေးလုပ်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီနဲ့သွေဖည်နေတယ်၊ မှန်ကန်တဲ့လမ်းစဉ်မဟုတ်ဘူးဆိုတာကိုလည်း အလေးအနက်သတိပြုကြစေလိုပါတယ်။ မိမိတို့လိုလားချက်များကိုလွှတ်တော်အသီးသီးမှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ–**

ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာမှာ ကမ္ဘာ့နိုင်ငံတချို့ရဲ့ဖြစ်စဉ်တွေအပေါ်သင်ခန်းစာရယူပြီး ပုံဖော်ဆောင်ရွက်သွားဖို့လိုပါတယ်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကို နိုင်ငံအများက ကျင့်သုံးကြရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံပုံစံတွေတူညီမှုမရှိကြပါဘူး။ အနောက်ဥရောပနိုင်ငံတွေမှာတောင်မှ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကျင့်သုံးမှုပုံစံမတူညီပါဘူး။ အလားတူ ကျွန်တော်တို့အာရှနိုင်ငံတွေမှာလည်း တူညီမှုမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်ရာမှာ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အားလုံးစုဖွဲ့လုပ်ကိုင်ဆောင်ရွက်သွားကြမယ်ဆိုရင် ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့နိုင်ငံမှာအခုမှကျင့်သုံးတာမဟုတ်ပါဘူး။ လွတ်လပ်ရေးရပြီးစကာလမှာ ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း အခက်အခဲပေါင်းစုံနဲ့ တွေ့ကြုံခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ်မှာစတင်တာဝန်ယူခဲ့တဲ့ ဒီမိုကရေစီပထမအစိုးရလက်ထက်မှာလည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနဲ့အခြားကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်နိုင်ခဲ့ပေမယ့် စိန်ခေါ်မှုအများအပြားကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ဖို့လိုအပ်တယ်လို့ ပြောရခြင်းပဲဖြစ်ပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ–**

နိုင်ငံတော်အနာဂတ်အတွက် ပညာတတ်များရှိဖို့လိုအပ်ပါတယ်။ ပညာရေးမှာအားနည်းရင် အတွေးအခေါ်လွဲမှားမှု၊ အယူအဆလွဲမှားမှုတွေဖြစ်လာတယ်လို့သုံးသပ်ရပါတယ်။



**ကျွန်တော်တို့ရည်မှန်းထားတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ အသက်တမျှအရေးကြီးလှပါတယ်။ လက်နက်ကိုင်လမ်းစဉ်နဲ့အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ကြဖို့ လိုအပ်ပါတယ် . . .**

**ငြိမ်းချမ်းရေးဆိုတာ ပုံသေသတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာ မဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီ တာဝန်ရှိကြတာပဲဖြစ်ပါတယ် . . .**

စာမျက်နှာ ၂၁ သို့

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ကမ္ဘာ့မူးယစ်ဆေးဝါးနေ့)အဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု ကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ၃၈ ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးရွားစွာခြိမ်းခြောက်နေသော ပြဿနာတစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့်သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်နေကာ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို ဆိုးရွားစွာထိခိုက်စေပြီး ရာဇဝတ်မှုများလည်း မြင့်တက်လာစေလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် မြန်မာနိုင်ငံအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုပြဿနာများကိုပါ ရင်ဆိုင်နေရပါသည်။ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များ ကြီးစိုးရာဒေသများတွင် ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခဲ့ပါသည်။ လူလုပ်မူးယစ်ဆေးဝါးများသည် မည်သည့်နေရာတွင်မဆို ထုတ်လုပ်နိုင်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာစိန်ခေါ်မှုများနှင့် မတည်ငြိမ်မှုများရှိသည့်ဒေသများတွင် ထုတ်လုပ်မှုများ မြင့်တက်လျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ဝင်ငွေရလမ်းလွယ်ကူသည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း တရားမဝင်နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့်နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကာ ထာဝရငြိမ်းချမ်းရေးရရှိစေရန် အားသွန်ခွန်စိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ အကြိမ် ၃၀ မြောက် အထူးအစည်းအဝေး၏ တိုက်တွန်းချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀-၂-၂၀၁၈ ရက်တွင် ရေးဆွဲထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမူဝါဒများကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိမိဒေသနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက်များ ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီသည့်ဥပဒေဖြစ်စေရန် ပြန်လည်သုံးသပ်ပြီး ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၇-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့် အဖွဲ့ဝင် ၁၉ ဦး၊ လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စုတို့ဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ပေးခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် နှစ်စဉ်ရန်ပုံငွေအမြောက်အမြားကုန်ကျခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့က သီးခြားဆောင်ရွက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်ထိ ငါးနှစ်တာကာလ ဒုတိယအကြိမ် ရေ့ပြေးစီမံကိန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၅ ရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းတံတား၊ မီးရရှိရေး၊ အသက်မွေးဝမ်းကျောင်း၊ သာသနာရေး၊ ဆက်သွယ်ရေး၊ အသိပညာပေးရေး၊ ကုန်သွယ်ရေး၊ အသေးစားချေးငွေလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် UNODC နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့တွင် ဘိန်းအစားထိုးသစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးခြင်းတို့ကို အထူးစီမံကိန်းများအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုဒေသများမှထွက်ရှိသည့် ကော်ဖီများကို နိုင်ငံတကာသို့တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ၁၅၆ ဒသမ ၇၂တန်၊ ၂၀၂၄ ခုနှစ်တွင် ၁၅၃ ဒသမ ၃၆ တန်ကို ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ အလားတူ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားဒေသတွင်လည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်မှစတင်၍ ကော်ဖီသီးခြောက် ၉ ဒသမ ၇ တန်ကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါသည်။

သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့က နိုင်ငံတော်အစိုးရ၏ နှစ်စဉ်လျာထားရန်ပုံငွေများဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၅၆ မြို့နယ်အတွင်း နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးခွဲဝေပေးခြင်း၊ နှစ်ချင်းစံပြကွက်များ စိုက်ပျိုးခြင်း၊ သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာငွေကျပ် ၄၇၃၅၀ ဒသမ ၂၈ သန်းကုန်ကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မွေးမြူရေးကဏ္ဍစီမံကိန်းများအတွက် ခွဲဝေချထားပေးခဲ့သည့် ပြည်ထောင်စုဘဏ္ဍာငွေ ၅၁ ဒသမ ၇၃၄ သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မူးယစ်စီမံကိန်းဝင်မြို့နယ်များတွင် တိရစ္ဆာန်များ (ကြက်၊ဝက်) ထောက်ပံ့ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အထောက်အကူပြုပညာပေးဟောပြောပွဲများ၊ သင်တန်းများ ပို့ချခြင်း၊ ပျားမွေးမြူရေးသင်တန်းများ ပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် ဒုတိယအကြိမ် ရှေ့ပြေးစီမံကိန်းအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ၁၄ ဒသမ ၆ သန်း အကုန်ကျခံကာ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများနှင့် တိရစ္ဆာန်များအား ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးစွဲသူများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်ရှုမြင်သုံးသပ်ပြီး အိပ်ချ်အိုင်ဗွီပိုး ရှိမရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ရောဂါဘီပိုးနှင့် စီပိုး ရှိမရှိ စစ်ဆေးပေးခြင်း၊ ကာလသားရောဂါစစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်းဆေးခန်း သုံးခုတို့၌ မူးယစ်ဆေးစွဲလူနာ ၂၆၉၆၄ ဦးကို ၂၀၂၄ ခုနှစ်အတွင်း ကုသပေးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးစွဲကုသမှုခံယူပြီးသူများကို ပိုမိုကောင်းမွန်သောလူမှုဘဝပြန်လည်ရောက်ရှိစေရေးအတွက် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများကို စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးဘုတ်များ စိုက်ထူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေးလုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့်ဌာန၊ အဖွဲ့အစည်း ငါးခုတို့မှ ပြန်ကြားရေးနည်းလမ်းများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ Talk Show၊ ဇာတ်လမ်းတို၊ သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်မီဒီယာများမှတစ်ဆင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးသို့ ပညာပေးလှုံ့ဆော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေးပေါင်းအကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၁၁၆၃ ဘီလီယံကျော်ဖိုး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ ဘိန်းစိုက်သည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများကို စုံစမ်းဖော်ထုတ်ပြီး ဘိန်းခင်းဖျက်ဆီးခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်စိုက်ပျိုးထားသည့်ဘိန်းခင်း ၄၇၃၄ ဒသမ ၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုလျော့ကျစေရေးအတွက် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်း ၄၃ မျိုးကို တင်းကျပ်စွာထိန်းချုပ်ကန့်သတ်ထားပြီး နိုင်ငံအတွင်း တရားမဝင်တင်သွင်းမှုနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာနေရာများသို့ လမ်းလွဲမရောက်ရှိစေရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့က ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းလုပ်ငန်းကို ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre Export Notification–PEN)နှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများကို Pre Export Notification – PEN Online Light စနစ်တို့ဖြင့် ဆက်သွယ်စစ်ဆေးကာ လမ်းလွဲရောက်ရှိမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများထပ်မံကျူးလွန်ခြင်းမရှိစေရေးအတွက် ပြစ်မှုကျူးလွန်သူတရားခံများ၏ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံစစ်ဆေးကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီး ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့များ၌ ဖျက်ဆီးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၄၉ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် ဖျက်ဆီးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၁၉ မှအဆက်

ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ ပညာတတ်များရှိမှသာ နိုင်ငံ့အနာဂတ်ကောင်းမွန်စိတ်ချ ရမှာဖြစ်ပါတယ်။ ဒါကြောင့်ခေတ် အဆက်ဆက်ကျင့်သုံးခဲ့တဲ့ပညာရေးစနစ်တွေကို ပြန်လည်လေ့လာ သုံးသပ်ပြီး လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေနဲ့မြှင့်တင်ပြီး အားပေး ဆောင် ရွက် သွားကြရမှာဖြစ်ပါတယ်။ ယနေ့ခေတ်ကာလအခြေအနေ အရ ယခုကာလမှာ လူငယ်လူရွယ်တွေဟာ အနည်းဆုံး KG+9 အဆင့်ထိ သင်ကြားတတ်မြောက်ပြီးဖို့ လိုအပ်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

ဒီမိုကရေစီဖော်ဆောင်နိုင်ဖို့အတွက် **“တည်ငြိမ်အေးချမ်းမှု”**ဟာ အရေးကြီးတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒက တိုင်းရင်းသားပြည်သူအားလုံးအတွက် ညီညွတ်မျှတတဲ့လူမှုစီးပွားဘဝ လုံခြုံရေး နဲ့ အာမခံချက် ရရှိရေး တို့ကသာ အဓိကဖြစ်ပါတယ်။ အေးချမ်းစွာနေထိုင်ပြီး ကောင်းမွန်စွာလုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့ဘဝ တိုးတက်မှုကိုရရှိမှာပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်ဖို့ ဆိုတာ ကျွန်တော်တို့အနေနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ရိုးသား ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြဖို့ အမှန်တကယ်လိုအပ် ပါတယ်။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက် လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပ စွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းကအဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့လုပ်ဆောင်နိုင်ဖို့လည်းလိုပါတယ်။ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေး နည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ စစ်မှန်ပြီးရေရှည် တည်တံ့တဲ့ငြိမ်းချမ်းရေးရရှိအောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်ထားပါတယ်။

နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများနဲ့သဟဇာတ ဖြစ်နေဖို့လိုအပ်တာမှန်ပေမယ့်လည်း ဩဇာခံဖြစ်မသွားဖို့ကိုတော့ အထူးသတိပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာသမိုင်းကြောင်း နောက်ခံများအရ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်နဲ့အညီ စောင့်ထိန်းလိုက်နာလျက် ရှိပါတယ်။ ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့လည်း သဟဇာတ ဖြစ်တဲ့ဆက်ဆံမှုရှိဖို့လိုအပ်သလို မိမိတို့နိုင်ငံရဲ့ တည်ဆဲဥပဒေ တွေကိုလည်း လိုက်နာတန်ဖိုးထားကြဖို့လိုအပ်ကြောင်း ပြောကြား လိုပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ-**

ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူ ပြီးတာနဲ့တစ်ပြိုင်နက် အရင်ဆုံးဦးစားပေးဆောင်ရွက်ခဲ့တာကတော့ ထာဝရငြိမ်းချမ်းရေးပါပဲ။ ဒါ့ကြောင့်ငြိမ်းချမ်းရေးအတွက်ကော်မတီတွေ ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီကစပြီး လက်ရှိ အချိန်ထိ ငြိမ်းချမ်းရေးအတွက်တွေ့ဆုံဆွေးနွေးရေးကို အမြဲတမ်း လမ်းဖွင့်ထားပြီး ကြိုတင်သတ်မှတ်ချက်တွေမရှိတဲ့ဆွေးနွေးပွဲတွေ အတွက်ဖိတ်ခေါ်ကမ်းလှမ်းမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့တာ ကို အားလုံးသိမြင်ပြီးသားဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ဆန္ဒနဲ့မိမိတို့ အဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ပြည်ထောင်စုနဲ့ တိုင်းရင်းသားပြည်သူများအားလုံးရဲ့ အကျိုးစီးပွားကို စိတ်ရင်းစေတနာ မှန်နဲ့ ရှုမြင်သုံးသပ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင် လုပ်ဆောင်ကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက်ထားတိုက်တွန်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းတဲ့ အခါမှာတစ်ဦးနဲ့ တစ်ဦးသဘောထားကွဲလွဲမှုတွေရှိနိုင်ပါတယ်။ ဒါပေမယ့် လည်း ကိုယ်စီလိုလားချက်တွေကို လက်နက်ကိုင်တဲ့လမ်းစဉ်နဲ့တောင်း ဆိုနေကြတာကတော့ မှားယွင်းတဲ့လမ်းစဉ်ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာ ကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့ ရဲ့လိုလားချက်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာ နိုင်ဖို့အတွက် အားပေးဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။ ဒါမှသာကျွန်တော်တို့တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီ ညွတ်ညွတ်၊တက်ညီလက်ညီနဲ့ ကျွန်တော်တို့ ရည်မှန်းထားတဲ့ဒီမိုကရေစီ နဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ရည်မှန်းထားတဲ့ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ လုပ်ဆောင်ရာမှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနဲ့ထာဝရငြိမ်းချမ်းရေး ရရှိရေးဟာ အသက်တမျှအရေးကြီးလှပါတယ်။ လက်နက်ကိုင် လမ်းစဉ်နဲ့အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက် ရေးကိုပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနဲ့ ရွေးကောက်ပွဲလမ်းကြောင်းတွေကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လည်း အကြိမ်ကြိမ်ဖိတ်ခေါ်ကမ်းလှမ်းထားခဲ့ပါတယ်။ နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ အဖြေရှာနိုင်မှာဖြစ်တာ ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ထား ပါကြောင်း ဒီဖိုရမ်ကနေထပ်ဆင့်အသိပေးပြောကြားလိုပါတယ်။

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ-**

ဒီနေ့ကျင်းပမယ့် ဖိုရမ်မှာကဏ္ဍအသီးသီး၊အဖွဲ့အစည်းမျိုးစုံက ပုဂ္ဂိုလ် အားလုံးပါဝင်ကြပါတယ်။ ဒီဖိုရမ်ကိုအားလုံးပါဝင်တဲ့အမျိုးသားအဆင့် ဆွေးနွေးပွဲ(Inclusive National Dialogue) တစ်ရပ်ဖြစ်စေဖို့အတွက် ကျွန်တော်တို့ဘက်ကငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သူအားလုံးကို ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမဲ့လည်း တချို့တလေအကြောင်းအမျိုးမျိုး ကြောင့် မလာနိုင်ကြပါဘူး။ ကျွန်တော်တို့ကတော့ နိုင်ငံနဲ့ပြည်သူလူထု ရဲ့မျက်နှာကိုကြည့်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတမ်းလက်ကမ်း ကြိုဆိုပါတယ်။ သက်ဆိုင်သူအားလုံးပါဝင်နိုင်ပြီး စောနိုင်သမျှစောပြီး ဆွေးနွေးနိုင်ရင် နိုင်ငံအတွက် ပိုမိုကောင်းမှာဖြစ်လို့ တွေ့ဆုံဆွေးနွေးရေး အတွက် ထပ်မံဖိတ်ခေါ်အပ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ ပုံသေသတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာ မဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့မဖြစ်မနေ လိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီ တာဝန်ရှိကြတာပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆို လျက်ရှိနေပါတယ်။ ဒါကြောင့်လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံး က မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေး နည်းလမ်းနဲ့စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ **“လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့အတွက် တွေ့ဆုံဆွေးနွေး ရေးလမ်းကြောင်းပေါ်မှာ အတူတကွလက်တွဲလျှောက်လှမ်းကြပါစို့”**လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၂၀ မှအဆက်

ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျ နိုင်ငံရဲတပ်ဖွဲ့(AFP)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)တို့နှင့်လည်း အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် ၃၈ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)က ပေးပို့သည့် ဆောင်ပုဒ်များဖြစ်သည့် ''The evidence is clear: invest in prevention" “မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင်ကာကွယ်ပေး” နှင့် "Break the cycle. # StopOrganizedCrime" “အဆိုးကျော့စက်ဝန်းအဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်စို့” ဆိုသည့်အတိုင်း နိုင်ငံတိုင်းက အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍအသီးသီးတို့၌လည်း ဟန်ချက်ညီညီတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာတိုက်ဖျက်နိုင်မည့်အပြင် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိပြီး ပြည်သူများ၏ဘဝလုံခြုံမှုရှိကာ အနာဂတ်နိုင်ငံတော်ကြီးကို အတူလက်တွဲတည်ဆောက်နိုင်ကြပါစေကြောင်း အလေးအနက်ဆန္ဒပြုရင်းတိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သောလည်း ဇွန် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Love Knot” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တောင်ပေါ်တောင်ကျေးရွာနေ သိန်းထိုက်အောင်အား ည ၁၀ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် “Tinhtut Win”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ တင်ထွဋ်ဝင်း(ခ)အွမ်မယ်နှင့် ၎င်း၏ဇနီး စန္ဒာဝင်း(ခ) ဆိုင်နဘီတို့နှစ်ဦးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

**၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရားတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပရိဝုဏ်များအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့်နေရာများဖြစ်သည့် မဟာစေတီလှစေတီကြီးအား အသစ်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာကို ပြင်ဆင်ဆောင်ရွက်နေမှု၊ ဥမင်ကိုးဆယ်ဘုရားရှိ သီတဂူရေပေးဝေရေးရေလှောင်ကန်အား ပြန်လည်ပြုပြင်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းဆောင်တော်ကြီးတွင် ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆောင်ရွက်နေမှု၊ တောလေးထပ်ကျောင်းတိုက်၌ သာသနိကအဆောက်အအုံ အပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုနှင့် ဇေတဝန်ဘုရားပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံ အပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်တော်စေတီ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာမုနိရုပ်ရှင်တော် ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်း အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှု၊ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ဘုရားရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းဆောင်တော်ကြီးရှိ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပလ္လင်တော်ပြန်လည်ပြုပြင်ခြင်း၊ ရုပ်ရှင်တော်မြတ်ကြီး၏အပေါ်မျက်နှာကြက်အမိုးအား အပေါ်သို့မြှင့်တင်ခြင်းနှင့် ခတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မိုင်းပန်တပ်နယ်အသင်း ဒိုင်းဆုရရှိ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မိုင်းပန်တပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၂၅

အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် မိုင်းပန်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသည့် မိုင်းပန်တပ်နယ်အသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းကိုးသင်းဖြင့် ဇွန် ၁၈ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇွန် ၂၅

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားရုံ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် ရန်ကုန်တပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ခြောက်သင်း၊ အမျိုးသမီးအသင်း ခြောက်သင်းဖြင့် ဇွန် ၃၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# PDF အမည်ခံအဖွဲ့ဝင် ၁၉ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်



ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင် ၁၉ ဦးအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကျင်းပစဉ်။



မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်လျက်ရှိရာ ပြစ်မှုကျူးလွန်ခြင်းမရှိသော ဒေသအသီးသီးမှ PDF သင်တန်းဆင်း ၁၉ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြပြီး ၎င်းတို့အား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါ လွှဲပြောင်းအပ်နှံပွဲသို့ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက်ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်တစ်ဦး ယူဆောင်လာသည့် MA-2 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်တောင့် ၅၀ နှင့် ကျည်အိမ်နှစ်ခုတို့ကို အပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်း မရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ ဝက်လက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ အမရပူရမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ အောင်မြေသာစံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ မိုးကုတ်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး စုစုပေါင်း ၁၉ ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။



မန္တလေးတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်စဉ်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည် လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက်ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အသိအမြင်ဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့

**ထက်ဝေအောင်(စစ်ကိုင်း)**

စာပေသည် အသိပညာဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုနိုင်သည်။ စာဖတ်ခြင်းဖြင့် သိလိုရာကို ရှာဖွေနိုင်သည်။ ဘဝမြင့်မားတိုးတက်လိုစိတ်ရှိသူတိုင်း စာဖတ်ကြသည်။ စာအုပ်စာပေလူ့မိတ်ဆွေဟု ဆိုထားသဖြင့် စာဖတ်ခြင်းကို ကလေးဘဝမှစ၍ လေ့ကျင့်ပျိုးထောင်သင့်ပြီး စာဖတ်သော လူ့အသိုင်းအဝိုင်းတစ်ခုကို ထူထောင်ကြရမည်ဖြစ်သည်။ စာဖတ်၍ ကမ္ဘာပတ်နိုင်သူတစ်ဦး၏ အတွေးအမြင်သည် လွန်စွာကျယ်ပြန့်လွန်းသည်။ စာဖတ်ရှိန်မြင့်မားမှုအလိုက် စဉ်းစားဆုံးဖြတ်မှန်ကန်နိုင်စွမ်းအားများ မှန်ကန်လာမည်ဖြစ်သည်။ အသိဉာဏ်ပညာများ ပိုမိုတိုးတက်လာနိုင်သည်။ ယဉ်ကျေးသော အသိုက်အဝန်းနှင့် နီးကပ်စွာပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အဆိုးမှအကောင်းဘက်သို့ ကူးပြောင်းနိုင်စွမ်းရှိသည်။ သူတစ်ပါး၏ လိမ်ညာလှည့်ဖြားမှုကို ကောင်းစွာကာကွယ်နိုင်သည်။

ကမ္ဘာပတ်စရာမလို စာဖတ်ရန်သာလိုသည်။ သတ္တဝါအားလုံးထဲတွင် လူသည် အသိဉာဏ်အထက်မြက်ဆုံးဖြစ်သည်။ အသိဉာဏ်ကို သတိပညာဖြင့် တည်ဆောက်ရလေ့ရှိပြီး ပညာက ကမ္ဘာကိုအုပ်စိုးနိုင်စွမ်းရှိသည်။ ပညာပြည့်ဝနှလုံးလှဆိုစကားအတိုင်း ပညာပြည့်ဝသူတစ်ဦးသည် ချင့်ချိန်နိုင်စွမ်းအားမြင့်မားသောကြောင့် စိတ်နှလုံးတို့ လှနေတတ်သည်။ ပြဿနာတစ်ရပ်ကို အသိဉာဏ်ပြည့်ဝစွာဖြင့် စဉ်းစားတွေးခေါ်သည်။ အမှားနည်းသော ဆုံးဖြတ်ချက်ဖြင့် အမှန်တရားဘက်မှ ရပ်တည်ပေးသည်။ အမှားနည်းရေး၊ အသိဉာဏ်ပညာဖြင့် ပိုင်းခြားနိုင်ရေး အသိမှား၊ အမြင်မှားကို ဖြစ်စေသည့် သတင်းအတုအယောင်နှင့် ညစ်ညမ်းစာပေများကို ရှောင်ရှားကြရပေမည်။

လူတိုင်း ငယ်စဉ်ကလေးဘဝကပင် အခြေခံပညာမှ အဆင့်မြင့်ပညာရပ်များကို လေ့လာမှတ်သား သင်ယူကြရသည်။ အသက်အရွယ်အလိုက် စာဖတ်သင်စဉ်က ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းကဲ့သို့ ရုပ်စုံစာစောင်များကို အရုပ်ကြည့်ရင်း စာဖတ်နာအောင်ဖတ်ရှုခဲ့ကြသည်။ အဆင့်အတန်းမြင့်မားသော ဘဝတစ်ခုရရှိရေး စာကောင်းပေမွန်သည် အလိုအပ်ဆုံးဖြစ်သည်။ စာပေအမျိုးအစားများစွာရှိသည့်အနက် အချစ်၊ ရသ၊ ဟာသ နှစ်သက်ရာ ဖတ်ရှုနိုင်သည်။ သုတ၊ ရသကို ဖတ်ရှုသင့်သကဲ့သို့ စိတ်အာဟာရပြည့်ဝမှုကိုပေးစွမ်းသည့် စာအုပ်စာပေများကိုလည်း လေ့လာထားရမည်ဖြစ်သည်။ စာအုပ်စာပေမှ ပညာဗဟုသုတကြွယ်ဝခြင်း၊ အတွေးအခေါ်ရင့်သန်ခြင်း အစရှိသောအကျိုးကျေးဇူးများကို ခံစားရရှိစေနိုင်သည်။ ဦးနှောက်၏ ဖြန့်ကြက်နိုင်စွမ်းအားတိုးပွားစေပြီး အတွေးအခေါ်များ ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ စာဖတ်ခြင်းသည် ခရီးတစ်ခုအတူသွားခြင်းနှင့်ဆင်တူသည်။ အလားတူ အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးသည့် မိတ်ဆွေတစ်ဦးပမာမှတ်ယူရသည်။

စာပေ၏ တန်ခိုးသတ္တိက လွန်စွာကြီးမားလှသည်။ မိမိ၏မှေးမှိန်နေသော ဖွဲ၊ လုံ့လ၊ ဝီရိယကို နိုးထစေသကဲ့သို့ စိတ်ဓာတ်ကြမ်းတမ်းသူတစ်ဦးကို နူးညံ့ယဉ်ကျေးသိမ်မွေ့စေနိုင်သည်။ သနားကြင်နာစိတ်၊ ညှာတာစိတ်များ ရှင်သန်ကြီးထွားစေနိုင်သည်။ အဆိုးနှင့်အကောင်းကို သရုပ်ခွဲခြားချိန်ဆတတ်စေသည်။ ဒေါသဦးဆောင်ရမည့်နေရာတွင် သည်းခံခြင်းကို အစားထိုးပေးနိုင်သည်။ စာဖတ်ရာတွင်လည်း စိတ်နှလုံးသားကို နူးညံ့စေမည့် စာအုပ်ကောင်းများ ကြိုက်နှစ်သက်လာမည်ဖြစ်သည်။ အနှစ်သာရပြည့်ဝသည့်စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလေ့လာလျက် လူ့ဘဝများစွာကို စာနာနားလည်လာမည်ဖြစ်သည်။ လူ့ပတ်ဝန်းကျင်နှင့် သဘာဝအလှတရားများ၏ သတ္တိစွမ်းအားများကို ညို့ယူခံစားနိုင်စွမ်းရှိလာမည်ဖြစ်သည်။

အမြင်မတူညီမှုက အတူမမြင်နိုင်ပေ။ စာရေးသူတစ်ဦးသည် စိတ်ကောင်းနှလုံးကောင်းဖြင့် စာရေးကြရပေသည်။ စာရေးသူ၏ အတွေးလှသလောက် စိတ်ကူးပုံဖော်ရေးသားမှုတို့မှာလည်း လက်ရာမြောက်သက်ဝင်စမြဲဖြစ်သည်။ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် အစရှိသော အနုစိတ်ဖန်တီးမှုလက်ရာများသည် စာရေးသူတစ်ဦး၏ အတွေးအမြင် ဖြန့်ကြက်မှုမှ တစ်ဆင့် ဖြစ်ပေါ်လာသော အတွေးပုံရိပ်များဖြစ်သည်။ ထိုအတွေးပုံရိပ်များထဲတွင် စာရေးသူ၏ စေတနာပါဝင်သည်။ အချစ်နှင့်အမုန်း၊ အမှားနှင့်အမှန်၊ အဖြူနှင့်အမည်းသဲကွဲစေမည့် ဘဝသင်ခန်းစာများစွာကိုလည်း ထည့်သွင်းရေးသားနိုင်သည်။ ဘဝဒဏ်ရာ အနာတရကို စာတစ်ကြောင်းဖြစ်အောင် ရေးဖွဲ့ပြီး စာဖတ်သူ၏ဘဝတစ်ခုလုံးကို သိမ်မွေ့သွားစေနိုင်သည်။ အကျင့်ဆိုးတစ်ခုကိုလည်း ချေဖျက်ပစ်နိုင်သည်။



အတွေးအမြင်မှန်ကန်တည့်မတ်ဖို့ စာဖတ်စို့ဟု ရိုးသားစွာ တိုက်တွန်းချင်မိသည်။ ကာတွန်း၊ ပုံပြင်၊ ဝတ္ထုများတွင် မှန်ကန်သော အတွေးအမြင်ဖြစ်ပေါ်လာစေရန် မီးမောင်းထိုးပြထားသည်။ လမ်းမလွဲရန် လမ်းညွှန်ပေးသည်။ ဘဝကို မည်ကဲ့သို့တည်ဆောက်ကြမည်နည်း။ နေ့စဉ်ဘဝ စိတ်ဓာတ်တက်ကြွရေး မည်ကဲ့သို့ဆောင်ရွက်ကြမည်နည်း။ နှလုံးသားကို ပိုမိုနူးညံ့လာအောင် မည်ကဲ့သို့ဆောင်ရွက်ရမည်နည်း။ လောကဓံ၏မေးခွန်းများကို ဦးနှောက်က ဖြေဆိုပြီး လက်တွေ့ကျကျ စာမေးပွဲအစစ်ခံနိုင်သည်ထိ စာပေအကျိုးများကို ခံစားကြရမည်ဖြစ်သည်။ လက်တွေ့နှင့် စိတ်ကူးယဉ်ဘဝနှစ်ခု၏ ကွာဟချက်ကိုလည်း လှစ်ဟပြသပေးမည်ဖြစ်သည်။

စာတစ်အုပ်ချင်းဖတ် တစ်ရက်ချင်းခရီးသွားကြရပေမည်။ ဘဝက လက်တွေ့ဆန်လှသည်။ နံရံတစ်ချပ်ကို ထိုးဖောက်လိုလျှင် တူကဲ့သို့မာကျောသော အရာဝတ္ထုတစ်ခုရှိရန် လိုအပ်သည်။ ထူထဲသော နံရံကို ထိုးဖောက်လိုစိတ်လည်း ရှိရမည်ဖြစ်သည်။ အဆိုပါစိတ်ဓာတ်နှင့် ရှေ့တိုးလုပ်ဆောင်ရမည်ဖြစ်သည်။ နေ့စဉ်ဘဝခရီးတွင် စိတ်ဓာတ်ခွန်အားမကျဆင်းရေးက အရေးကြီးလှသည်။ လူ့သက်တမ်းသည် တိုသလောက် သံသရာခရီးက ရှည်လျားလွန်းသောကြောင့် အသိဉာဏ်ပညာ အုတ်မြစ်ချတည်ဆောက်ရမည်ဖြစ်သည်။ ဘဝထဲက စာ၊ စာထဲက ဘဝများစွာ၏ သုခနှင့် ဒုက္ခ ရသအဖုံဖုံကို သင်ယူပြီး တန်ဖိုးရှိသော အသိဖြင့် လူ့ပတ်ဝန်းကျင်တစ်ရပ်လုံးကို အလှဆုံးပြုပြင်တည်ဆောက်သွားကြရမည်ဖြစ်သည်။

လောကတွင် အမြင်မတူ အတူမမြင်နိုင်သည့် အခြေအနေကို ကျော်လွှားနိုင်ရေး၊ စာဖတ်ခြင်းကို ဘဝထဲသို့ ဖိတ်ခေါ်ရမည်ဖြစ်သည်။ နိမ့်ကျသော အတွေးအခေါ်များ ပယ်ဖျောက်ရေး စာဖတ်ပေးရန်လိုသည်။ စာဖတ်ကြည့်ပါ။ တွေ့မြင်နေကျ အခြေအနေမှ ခွဲထွက်လာသော အတွေးအမြင်သစ်အဖြစ် ရုတ်ခြည်းပြောင်းလဲသွားစေမည်ဖြစ်သည်။ လူ့ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး စာအုပ်စာပေဖတ်ရှုပေးဟူသောနှိုးဆော်သံဖြင့် စာဖတ်ခြင်းဓလေ့ထွန်းကားစေမှုနှင့်အတူ အဆင့်အတန်းမြင့်မားသော အတွေးအမြင်များကို ဖော်ထုတ်ပေးကြရမည်ဖြစ်သည်။ လူ့အသိဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းအားအလိုက် အရာအားလုံးကို ဖန်တီးနိုင်စွမ်းရှိသဖြင့် ဦးနှောက်အာဟာရ ပြည့်ဝစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေယဉ်ကျေးမှုထွန်းကားခြင်းသည် တိုက်ရိုက်အချိုးညီမျှသဖြင့် ကလေးစာပေပွဲတော်များ၊ စာအုပ်ဈေးရောင်းပွဲတော်များနှင့် လက်လှမ်းမီဖတ်ရှုနိုင်မည့် စာကြည့်တိုက်များ၊ စာရေးသူနှင့် စာဖတ်သူများ ပါဝင်သော စာဖတ်ဝိုင်းများ ပိုမိုလှုပ်ရှားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မျက်စိကောင်းတုန်း စာဖတ်ရမည်ဖြစ်သည်။ နှလုံးသားအာဟာရအတွက် တန်ဖိုးရှိသောစာပေများဖတ်ရှု၍ ဗဟုသုတများ စုဆောင်းထားသင့်သည်။ စာပေမြင့်မှ လူမျိုးမြင့်မည်၊ စာပေပျောက်က လူမျိုးပျောက်မည်ဟူသောဆိုရိုးစကားအရ စာပေမြင့်မားတိုးတက်သောလူမျိုးတို့သာ အဆင့်အတန်းတိုးတက်မြင့်မားမည်။ စာပေပျောက်ကွယ်ပါက လူမျိုးပါ တိမ်ကောပပျောက်မည်။ ထို့ကြောင့် စာချစ်သူတစ်ရပ်လုံးက စာဖတ်ရှိန်မြင့်တက်ရေး၊ စာဖတ်ခြင်းအလေ့အကျင့်များ ပြန်လည်ဦးမော့လာစေရေး အလေးထားစွမ်းဆောင်ကြရမည်ဖြစ်သည်။ ရေးသူ၊ ဖတ်သူအားညီမှုရှိမှသာ မဂ္ဂဇင်း၊ စာစောင်များ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ စာပေချစ်သူများအနေဖြင့် စာဖတ်ရင်း စာအုပ်စာပေများကို ထိန်းသိမ်းကြမည်။ လူတိုင်းလူတိုင်းစာဖတ်မှသာ အသိအမြင်များ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့ကြောင့် အသိအမြင်ဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့ဟု ရေးသားလိုက်ရပါသည်။

# ရမည်းသင်းမြို့နယ် အိုင်တိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရမည်းသင်း ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်တိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်း တာဝန်ခံများက အိုင်တိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်း ပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



အဆိုပါ အိုင်တိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ရန်ပုံငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီလာ**

# ပုလဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၅၇၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၃၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပုလဲမြို့နယ်အတွင်း စပါး ဧက ၄၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ပုလဲမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်း ငါးရံ့ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မေလထဲမှာ ငါးရံ့တွေကို ရန်ကုန်ဈေးကွက်ထဲ သိသိသာသာကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချ



အားတက်ခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်ယူမှုများနေတာကြောင့် ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ငါးရံ့တွေ ဝယ်ယူမှုကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့လုပ်သားတွေ၊ ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့ အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇွန် ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ် မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၀၁ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းထံမှ သိရသည်။

**ကိုသက်**

## စာပေဟူသည် အလင်းရောင်

- စာပေဟူသည် ရောင်အလင်း
  အမှောင်ခွင်း အစဉ်သာ၊
  တန်ဖိုးဂုဏ် လွန်ကြီးမား
  ကြိုးစားသူငါ၊
  အကောင်းအဆိုး အဖြာဖြာ
  ပိုင်းခြားကာ သိမြင်မနှေး၊
  စာပေကို လေ့လာမပြတ်
  ဖတ်မှတ်စို့လေး။

- စာပေကို သင်အံတွေးမှ
  ဘဝနောင်ရေး လှပမည်၊
  ငယ်ရွယ်စဉ် အချိန်ရှိခိုက်
  အားစိုက်အတည်၊
  တန်ဖိုးရှိသော လူ့ရပ်ပြည်
  လူ့ဂုဏ်ရည် အလှတရား၊
  ထာဝစဉ် တန်ခိုးထက်လို့
  တိုးတက်ဆပွား။

- လောကမှာ သူငါအများ
  လမ်းအမှားသို့ မရောက်အောင်၊
  စာပေဂုဏ် အသိဉာဏ်မြှင့်လို့
  လေ့ကျင့်ပျိုးထောင်၊
  စာပေအကျိုး သယ်ပိုးဆောင်
  လူတို့ဘောင် လမ်းပြလျက်၊
  ရည်မှန်းရာ ပန်းတိုင်အရောက်
  လှမ်းလျှောက်ရှေ့ဆက်။ ။

**ရဲသွေးနီ(တက်ဝန်)**

# အုတ်ဖိုမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အုတ်ရှစ်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၅၇ ဒသမ ၆ သန်း၊ အသေးစားလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၈ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဒေသဖွံ့ဖြိုးရေး ပုစွန်တစ်သား စပါးတစ်သီးမွေးမြူပေး

ကိုငါးကြီး(မြေပုံ)

သက်ရှိလူသားများ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတည်းဟူသော အဓိကကဏ္ဍကြီးသုံးခုကို ဟန်ချက်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါမှ ရေရှည်တည်တံ့ပြီး ရောဂါဘယကင်းဝေးစွာ လူ့သက်တမ်းစေ့နေထိုင်နိုင်ကြမည်သာဖြစ်ပေသည်။

ထိုကဲ့သို့ အဓိကကဏ္ဍကြီးသုံးခု၌ ရောဂါဘယကင်းဝေးပြီး အာဟာရပြည့်ဝစွာ စားသောက်နေထိုင်နိုင်ရန်အတွက် အစားအစာများကို မျှတစွာ စားသုံးပေးနိုင်ရန်လည်း အလွန်အရေးကြီးလှသည်။ ထိုကဲ့သို့စားရေးကဏ္ဍ၌ ရေအပါအဝင် ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ကောက်နှံစပါးမှအစ အသားအမျိုးမျိုးနှင့် ရေချို၊ ရေငန် ငါး၊ ပုစွန်အမျိုးမျိုးတို့လည်း စုံလင်စွာပါဝင်ကြသည်။ စင်စစ်အားဖြင့် လူသားများသည် အစုံစားသတ္တဝါများဖြစ်သည့်အတွက်နေထိုင်ရာ ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝစိမ့်စမ်းမှသည် မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာတို့မှ ဒေသရာသီအလိုက် ထွက်ကုန်များကို ဒေသ၊ သဘာဝနှင့်ကိုက်ညီစွာ ရှာဖွေဖော်ထုတ် ပြုပြင်စားသောက်တတ်ကြပြီး ဒေသတစ်ခုမှထွက်ကုန်များကို တာရှည်ခံအောင် ပြုပြင်စီမံကာ ထွက်ကုန်ရှားပါးသည့် အခြားဒေသတစ်ခုသို့ ကုန်စည်ဖလှယ်၊ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အစားအစာများကို မျှဝေစားသောက်တတ်ကြသည်။

မြန်မာနိုင်ငံသည် အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ရေငန်ပင်လယ်ပိုင်းတို့ဖြင့် အနားသတ်ထားပြီး အလယ်ပိုင်းတွင်ကား မြေပြန့်လွင်ပြင် ပေါများစွာတည်ရှိနေသောကြောင့် မိမိဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြကာ တိုးပွားလာသည့်လူဦးရေတို့၏ စားသောက်နေထိုင်အသက်ရှင်ရေးကို ဖြည့်ဆည်းပေးကြရမည်သာဖြစ်ပေသည်။

ဒေသအလိုက် ထုတ်ကုန်များ ထုတ်လုပ်သည်ဆိုရာ၌ နေရာဒေသတစ်ခုနှင့်တစ်ခုကား ထပ်တူကျတူညီနိုင်မည်မဟုတ်ပေ။ တောင်ကုန်း၊ တောင်တန်းများနှင့် ရေချိုလွှမ်းဧရိယာ ပေါများသည့်ဒေသ၌ ရေငန်ငါး၊ ပုစွန်များကိုမွေးမြူ၍ မရနိုင်သကဲ့သို့ ရေငန်လွှမ်းဧရိယာပေါများပြီး အပူချိန်နည်းနည်းမြင့်တက်သည့် ပင်လယ်ကမ်းရိုးတန်းဒေသ၌လည်း အချို့သီးနှံများစိုက်ပျိုး၍ မဖြစ်ထွန်းနိုင်သောကြောင့် ဒေသနှင့်ကိုက်ညီသည့် ငါး၊ ပုစွန်များကိုသာ ရွေးချယ်မွေးမြူခြင်းဖြင့် သဘာဝနှင့်လိုက်လျောညီထွေပြီး သဟဇာတကျသော စိုက်ပျိုး၊ မွေးမြူရေးကို ဖော်ဆောင်နိုင်မည်သာဖြစ်ပေသည်။

မြန်မာနိုင်ငံ၏အနောက်ခြမ်း ရခိုင်ကမ်းရိုးတန်း၏ အလယ်ဗဟိုဒေသ မြေပုံမြို့သည် ရေငန်ပုစွန်ကျား (Black Tiger Shrimp) အဓိကစီးပွားဖြစ်မွေးမြူထုတ်လုပ်နေသော ဒေသဖြစ်သည်။ သို့သော် မွေးမြူသူများ၏အားနည်းချက်၊ အားသာချက် ကြုံတွေ့ရသောပြဿနာရပ်များနှင့် လက်တွေ့ကိုင်တွယ်ဖြေရှင်းခဲ့ရသော ဌာနဆိုင်ရာများ၏ အခန်းကဏ္ဍများ၊ ရေငန်ပုစွန်သီးသန့်မွေးမြူခြင်းမှသည် စပါး၊ ပုစွန် နီးနွှယ်စိုက်ပျိုးမွေးမြူခြင်းများ၏ အကျိုးရလဒ်များကို ပညာရှင်ရှုထောင့်မှမဟုတ်ဘဲ လက်တွေ့ဆန်သော ရှုထောင့်များကို အတွေ့အကြုံများနှင့်ယှဉ်ကာ တင်ပြသွားပါမည်။

မြေပုံမြို့နယ်သည် ဘင်္ဂလားပင်လယ်ကိုမေးတင်ထားသော ဟန်တာပင်လယ်၏နှုတ်ခမ်းသားတွင် တည်ရှိကာ ကျွန်းကြီး ၄၈ ကျွန်း၊ ကျွန်းငယ် ၇၂ ကျွန်း စုစုပေါင်းကျွန်း ၁၂၀ ဖြင့် စုဖွဲ့ထားသော ရခိုင်ဒေသတွင် ကျွန်းအများဆုံးရှိသော ကျွန်းစုမြို့နယ် တစ်ခုပင်ဖြစ်သည်။ ထိုကဲ့သို့ ကျွန်းများသည်နှင့်အညီ ရေငန်လွှမ်းဧရိယာပေါများပြီး ရေငန်ငါး၊ ပုစွန်များလည်း ပေါများသည်။ ယခင်ကာလများတွင် သဘာဝ ရေငန်ငါး၊ ပုစွန်ဖမ်းဆီးထုတ်လုပ်ခြင်းများကိုသာ အဓိကလုပ်ကိုင်ကြပြီး ရေငန်ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းကို ဂရုမမူဘဲ ကျွန်းများပေါ်၌ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများကို သီးခြားလုပ်ကိုင်ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်ခန့်မှစတင်၍ ဒေသတွင်း ရေငန်ပုစွန်ဈေးကွက်တစ်ခု စတင်ထွန်းကားလာချိန်၌ ကျေးလက်နေတောင်သူအများစုသည် သဘာဝတောရိုင်းမြေအဖြစ်ရှိနေသော မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုး၊ မွေးမြူရေးဧရိယာအဖြစ် ဖော်ထုတ်ရန်



စပါးစိုက်ပျိုးရေးနှင့်ပုစွန်တွဲဖက်မွေးမြူနေမှုကို တွေ့ရစဉ်။

နှစ်ပေါင်း ၃၀ ခွင့်ပြုချက်များဖြင့် စတင်လုပ်ကိုင်ခဲ့ကြပြီး ၁၉၉၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်ခန့်ထိ အချိန်ကာလသည်ကား ဒေသတွင်း ရေငန် ပုစွန်မွေးမြူရေး "ရွှေခေတ်"ဟု ခေါ်ရလောက်အောင် တိုးချဲ့မွေးမြူလာကြသည်။

ထိုအချိန်ကာလ၌ သဘာဝဂေဟစနစ်များ မပျက်စီးဘဲ ရေငန်ပုစွန်ဈေးကွက်တစ်ခု ခိုင်မာစွာရှိနေခြင်း၊ မွေးမြူရန်မလိုအပ်ဘဲ သဘာဝသားပေါက်များ ပေါများစွာရှိနေခြင်း၊ စပါးဈေးများ အတန်အသင့်သာ ရှိနေခြင်းတို့ကြောင့် မိရိုးဖလာဘိုးစဉ်ဘောင်ဆက် စပါးစိုက်ပျိုးခြင်းလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ကိုင်လာခဲ့ကြသော တောင်သူဦးကြီးစစ်စစ်များပင် စပါးစိုက်ပျိုးခြင်းထက် မိမိပိုင်လယ်ယာမြေပေါ်တွင် ရေငန်ပုစွန်စမ်းသပ်မွေးမြူခြင်းကို မသိမသာဆောင်ရွက်ခဲ့ကြသည်မှ နောင်တွင် သိသိသာသာတိုးမြှင့်လုပ်ကိုင်လာကြသည်။

ထိုကဲ့သို့ လယ်ယာမြေပေါ်တွင် ပုစွန်မွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်လာကြခြင်းဖြင့် ကျေးလက်ဒေသများ၏ လူနေမှုအဆင့်အတန်းသည်လည်း သိသိသာသာ ပြောင်းလဲလာကြသော်လည်း အကျိုးဆက်အဖြစ် ခေတ်အဆက်ဆက် ဒေသဝမ်းစာဖူလုံ ပိုလျှံခဲ့သောဒေသသည် လယ်ယာမြေများ လျော့ပါးလာသည့်အတွက် အနီးပတ်ဝန်းကျင် စပါးစိုက်ပျိုးဖြစ်ထွန်းသောဒေသများမှ ဆန်ဝယ်ယူတင်သွင်းမှုများကို ပြုလုပ်လာခဲ့ကြရပါတော့သည်။

ထို့ပြင် မြေပုံဒေသသည် မိုးများသည့် ဒေသဖြစ်သော်လည်း ရေချိုလျောင်ကန်၊ ဆည်တမံနည်းပါးသဖြင့် ခေတ်အဆက်ဆက်မိုးစပါး (တစ်သီးစား)ကိုသာ စိုက်ပျိုးလာကြပြီး ဆောင်းသီးနှံကို နေရာကွက်ကျားစိုက်ပျိုးကာ နွေစပါးကိုလည်း ဧကအနည်းငယ်ခန့်သာ စိုက်ပျိုးမှုရှိခဲ့သော ဒေသလည်းဖြစ်နေပြန်သည်။ ထိုကဲ့သို့ အခြေအနေမှသည် ယခုလိုရေငန်ပုစွန်မွေးမြူခြင်းလုပ်ငန်းကို အများစုက ပြောင်းလဲလုပ်ကိုင်လာကြခြင်းမှာ စပါးစိုက်ပျိုးခြင်း တစ်ခုတည်းကို တစိုက်မတ်မတ်စိုက်ပျိုးခဲ့ကြသော တောင်သူများသည် စတင်စိုက်ပျိုးသည်မှ လေးလခန့်အနည်းဆုံးကြာမှ ငွေမြင်ရသောကြောင့် လစဉ်နှစ်ကြိမ်ခန့်ငွေမြင်ရသော ပုစွန်မွေးမြူခြင်းအလုပ်ကို လုပ်ကိုင်ရခြင်းဖြစ်သည်။

သို့ပါသော်လည်း ပုစွန်ဈေးကွက်ကမောက်ကမဖြစ်ပြီး စပါးဈေးကွက် ပြန်လည်နိုးထရှင်သန်လာချိန်၌ ပုစွန်မွေးမြူရေးကိုဖောင်းပေးကာ ပြောင်းလဲခဲ့ကြသည့်တောင်သူများသည် စပါးပြန်လည်စိုက်ပျိုးမည့်အရေးကို ရှန်းကန်လာကြပြန်သည်။ ရေငန်သွင်းပြီး ပုစွန်မွေးခဲ့သော လယ်ယာမြေများအနေဖြင့် ယခင်ကလောက် စပါးစိုက်ပျိုးဖြစ်ထွန်းမှုမရှိဘဲ တစ်ဧကအထွက်နှုန်းများလျော့ကျလာကာ လူမှုစီးပွားဘဝကို စတင်ထိခိုက်လာသည်။ ထို့နောက် ရေငန်ကိုအခြေပြုသော ရေငန်ပုစွန်မွေးမြူကန်နှင့် ရေချိုကိုအခြေပြုသော စပါးစိုက်ပျိုးခြင်းလုပ်ငန်းများသည် သဘာဝချင်းကွာဟနေကြကာ ပုစွန်ကွင်းမှရေငန်များ မိုးတွင်းကာလတွင် စပါးကွင်းသို့ဝင်ရောက်စေကာမူ ရေချိုစွဲနေ၍ အများကြီးမသိသာလှသော်လည်း စပါးကွင်းများ အောင်ရေထိန်းသည့်အချိန်၌ ပုစွန်ကွင်းမှရေငန်များ စပါးကွင်းသို့ ဝင်ရောက်သွားခြင်းကြောင့် စပါးစိုက်ပျိုးခြင်းကိုထိခိုက်စေသောပြဿနာရပ်တိုးပွားလာခဲ့ကြသည်။

ထိုကဲ့သို့ဖြစ်ရပ်များကြောင့် မြေပုံမြို့နယ်၏ အနောက်ဘက်ခြမ်း စုစုပေါင်း ၃၆ မိုင်စတုရန်းပတ်လည်ရှိသည့် ငမန်းရဲကျွန်းဒေသတွင် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာဌာနများ တွေ့ဆုံ၊ ဆွေးနွေး၊ ညှိနှိုင်းပြီး စိုက်ပျိုး၊ မွေးမြူရေးဇုန်များအဖြစ် အကွက်ချကာ ဖြေရှင်းခဲ့ရပြန်သည်။ ကျွန်းပေါ်ရှိပင်လယ်နှင့်အနီးဆုံး အနားသတ်ဧရိယာကို ပုစွန်မွေးမြူရေးဇုန်(၁)၊ ပင်လယ်နှင့်နီးသော်လည်း ရေငန်မလွှမ်းနိုင်သည့် အမြင့်ပိုင်းဧရိယာ အနည်းငယ်ပါသောဇုန်ကို စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်သော ကြားခံဇုန်(Buffer Zone)(၂) နှင့် သဘာဝအတိုင်း ရေငန်လုံးဝမရောက်နိုင်သည့် မြေဧရိယာပေါ်များသောနေရာကို စိုက်ပျိုးရေးသီးသန့်ဇုန် (၃)အဖြစ် အသီးသီးသတ်မှတ် လုပ်ကိုင်စေခဲ့ကြသည်။

ဤကဲ့သို့ စပါးစိုက်ပျိုးရေးနှင့်ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကို သီးခြားဇုန်များအဖြစ် ခွဲဝေလုပ်ကိုင်ကြရာတွင် အစကနဦး၌ စပါးဈေးကွက်နှင့် ပုစွန်ဈေးကွက်များ တူညီသောမျှခြေပုံစံဖြင့် ထိုက်သင့်သလောက် အကျိုးဖြစ်ထွန်းနေသဖြင့် လူမှုစီးပွားဘဝမြင့်မားလာကြကာ ရပ်ရွာအေးချမ်းသာယာတည်ငြိမ်မှုကိုလည်း အထိုက်အလျောက် အထောက်အကူပြုနိုင်ခဲ့သည်။ ထို့ပြင် ပုစွန်ဈေးကျ၍ စပါးဈေးကွက်ကောင်းချိန်တွင် ဇုန်(၃) အမြင့်ပိုင်းမှ စပါးတစ်ခုတည်းစိုက်သောတောင်သူများ အဆင်ပြေကြသကဲ့သို့ ဇုန်(၂) စပါး-ပုစွန်ပူးတွဲစိုက်ပျိုး၊ မွေးမြူသော တောင်သူများသည် ကွင်းအတွင်းသို့ ရေငန်ကိုလုံးဝမသွင်းတော့ဘဲ ရေငန်ပုစွန်မွေးမြူရေးကိုကျော်ခိုင်းကာ အမြင့်ပိုင်း၌ပုံမှန်စပါးစိုက်ပျိုးခြင်း၊ အနိမ့်ပိုင်း၌ ရေငန်ဒဏ်ခံ စပါးမျိုးများကိုရွေးချယ်စိုက်ပျိုးခြင်းဖြင့် မိမိတို့အတွက် အကျိုးပိုမိုဖြစ်ထွန်းမည့် စိုက်ပျိုးရေးနည်းလမ်းကို ပြုမူလုပ်ဆောင်ကြပြန်သည်။ ထိုကဲ့သို့ စပါးဈေးကောင်း၍ ရေချိုကိုကြိုက်သော စပါးစိုက်ပျိုးရေးနှင့် ရေငန်ကိုကြိုက်သော ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းတွဲ၍လုပ်ကိုင်သော ဇုန် (၂)မှရေငန်များ စပါးသီးသန့်စိုက်ပျိုးသော ဇုန်(၃)သို့ မဝင်ရောက်စေရန်နှင့် တောင်သူအချင်းချင်း ပြဿနာမဖြစ်ကြစေရန် ကြားခံဇုန် (Buffer Zone) ကို ထားရှိရမည်ဖြစ်သည်။

သို့ပါသော်လည်း စပါးဈေးအနည်းငယ်ကျ၍ ပုစွန်ဈေးကွက်ကောင်းလာချိန်၌ ပင်လယ်ပိုင်းနှင့်နီးကပ်သည့် ရေငန်ပုစွန်သီးသန့်မွေးမြူသည့်ဇုန်(၁)သည် ပုစွန်သီးသန့်မွေးမြူခြင်းဖြင့် ပြဿနာရပ်များ မရှိနိုင်သော်လည်း စပါး-ပုစွန် စိုက်ပျိုး၊ မွေးမြူခွင့်ပြုထားသည့် ဇုန်(၂)သည် စပါးစိုက်ပျိုးခြင်းကို ရပ်နားကာ ပိုမိုဝင်ငွေကောင်းသည့် ရေငန်ပုစွန်သီးသန့်မွေးမြူနိုင်ရန် မိမိပိုင်ကွင်းအတွင်းသို့ ရေငန်ကိုဒလဟောသွင်းခြင်းများကြောင့် ဇုန်(၂)နှင့် ဇုန်(၃)ကို ကန့်သတ်ခွဲခြားထားသည့် တမံများမတော်တဆကျိုးပေါက်ခြင်းများကြောင့် ရေငန်များ ရေချိုစပါးစိုက်ခင်းအတွင်း ဝင်ရောက်လာပါသည်။ မိုးတွင်းကာလ ရေချိုများနေချိန်တွင် မသိသာသော်လည်း အောင်ရေထိန်းသည့်ကာလတွင် ဇုန်(၃)သို့ ရေငန်ဝင်ရောက်၍ စပါးပျက်စီးခြင်းကြောင့် တောင်သူအချင်းချင်းအငြင်းပွားမှုများ ဖြစ်ကြရပြန်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို သီးခြားဇုန်များအဖြစ် ဖော်ထုတ်ကာ ထုတ်ကုန်များအတွက် ဈေးကွက်ခိုင်မာမှုရှိနေလျှင် တစ်မြေတည်းတွင် ပူးတွဲလုပ်ကိုင်ခြင်းဖြင့် အသွင်မတူသော်လည်း အကျိုးအမြတ်ဖြစ်ထွန်းမှုကိုယ်စီဖြင့် သူ့စည်း၊ ကိုယ့်စည်း စောင့်စည်းနိုင်ကြမည်သာဖြစ်ပေသည်။

စပါးကွင်းနှင့် ရေငန်ပုစွန်ကွင်းကြား ရေချို ရေငန်ဝင်ရောက်ခြင်း ပြဿနာများသည် ကြီးထွားခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဆောက်လုပ်ရေးကုမ္ပဏီများ ဒေသအနှံ့ပေါ်ပေါက်လာသဖြင့် ၎င်းတို့၏ မြေတူးမြေကော်စက်များဖြင့် တမံများကို စတင်ဆည်ဖို့လာကြခြင်းကြောင့် တောင့်တင်းခိုင်မာလာကာ နယ်ခြားရေချို၊ ရေငန်ပြဿနာရပ်များသည်လည်း မရှိသလောက် ကင်းဝေးသွားခဲ့ကြကာ စပါးစိုက်ပျိုးသူတောင်သူများလည်း မျိုးမှန်၊ စိုက်နည်းမှန်ဖြင့် စိုက်ပျိုးနိုင်လာကြပြီး ရေငန်ပုစွန်မွေးမြူသူများမှာလည်း တစ်ဧကပုစွန်အထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် သားပေါက်ထည့်သွင်းမွေးနည်းစနစ် ( Extensive Plus System)ဖြင့် မွေးမြူလာကြကာ ထုတ်ကုန်များလည်း သိသာစွာတိုးတက်ထုတ်လုပ်နိုင်လာကြပြီဖြစ်သည်။ စပါးရော၊ ပုစွန်ရော ထုတ်ကုန်မြင့်မားလာသည်နှင့်အညီ အရေးကြီးဆုံးအချက်မှာ ခိုင်မာစိတ်ချရသောဈေးကွက် အသီးသီး ရှိနေကြရန် အလွန်အရေးကြီးသည်။ သို့မှသာ စိုက်ပျိုး၊ မွေးမြူသူတောင်သူများ စိတ်အေးချမ်းသာစွာ မွေးမြူထုတ်လုပ်နိုင်ကြမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပုစွန်တစ်သား စပါးတစ်သီးကို သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးမွေးမြူသွားကြရန်လိုကြောင်း အကြံပြုရေးသားအပ်ပါသည်။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၃၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၃၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကနီမြို့နယ်တွင် စပါး ၂၃၂၈၅ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ်မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ စပါးဧက ၂၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ဗျိုင်းချယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဗျိုင်းချယ်ကျေးရွာ၌ တတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အမှာစကားပြောကြားပြီးနောက် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဗျိုင်းချယ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၆ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၈ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၈ သန်းကို သက်သာသော အတိုးနှုန်းဖြင့် အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ချိုလေး

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေအများအပြားကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ဒေသတွင်းမှာကို ဖီးကြမ်းငှက်ပျောသီးတွေက ဝယ်ယူမှုများနေတဲ့အခြေအနေမှာ ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့တဲ့ ဖီးကြမ်းငှက်ပျောသီးတွေက အရည်အသွေးလဲကောင်းပါတယ်"ဟု ဓနုဖြူမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဓနုဖြူမြို့နယ်မှထွက်ရှိသည့် ဖီးကြမ်းငှက်ပျောသီးများ အရောင်းအဝယ် များနေသည့်အတွက် လုပ်သားများ၊ ကုန်သည်များ၊ ငှက်ပျောစိုက်ပျိုးသူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာယာဝတီမြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**သာယာဝတီ ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာဝတီမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့်ဇော်နှင့် တာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာနေပြည်သူများ လုပ်အားထည့်ဝင်၍ ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဦးညွှန့်ဇော်က လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားကာ စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း မှာကြားခဲ့သည်။

ရွာသစ်ကျေးရွာ၌ တစ်ဖက်လျှင် လမ်း အရှည် ၅၀၅ ပေ၊ အကျယ်သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၈၀ ဖြင့် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည့်အတွက် ရွာသစ်ကျေးရွာနေပြည်သူများ ရာသီမရွေးသွားလာရလွယ်ကူမည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်ပါ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်

# ငဖဲမြို့နယ် အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငဖဲ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အိုးမြေတွင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာနွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ဇင်မာ

# ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း ဘီလိုခရိုင်တွင် မိုးရွာသွန်းပြီး မြေပြိုမှုကြောင့် လူရှစ်ဦးသေဆုံး ငါးဦးဒဏ်ရာရရှိ




**ဘိုဂိုတာ ဇွန် ၂၅**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း ဂရန်နီဇယ်ဒေသ ဘီလိုခရိုင်တွင် မြေပြိုမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းမှာ ဇွန် ၂၄ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် လာနီဂရာချောင်းရေလျှံကာ မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုကြောင့် အယ်ပီနာရပ်ကွက်ရှိ လူနေအိမ် ၁၀ လုံး ပျက်စီးကာ လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း သိရသည်။

"ဇွန် ၂၄ မနက် ၃ နာရီ ၂၅ မိနစ်လောက်က ဂရန်နီဇယ်ဒေသ လာနီဂရာချောင်းရေလျှံကာ မြေပြိုမှုဖြစ်ပွားခဲ့ပါတယ်။ အခုထိတော့ သေဆုံးသူ ရှစ်ဦးနဲ့ ဒဏ်ရာရရှိသူ ငါးဦးကို အတည်ပြုခဲ့ပါတယ်။ ဒီဖြစ်ရပ်အတွက် များစွာစိတ်မကောင်း ဖြစ်ရပါတယ်"ဟု ဘီလိုခရိုင် မြို့တော်ဝန် လော်ရန်က ပြောကြားခဲ့သည်။

ထို့ပြင် မြေပြိုမှုဖြစ်ပွားခဲ့သည့် ဒေသအတွက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးများ၊ ရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးများဆောင်ရွက်ရန် ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထားကြောင်း၊ အဆိုပါ နေရာမှ ဒေသခံများကိုလည်း ဘေးလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းကာ ယာယီစခန်းများတွင် နေထိုင်ခွင့်ပြုထားသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# မျိုးသုဉ်းလုနီးပါးဖြစ်သော ခါမောင်ငှက်ငယ်များ အိန္ဒိယနိုင်ငံ အာ့ချ်မက်မြို့တွင် ပြန်လည်ကျက်စားလာ

**နယူးဒေလီ ဇွန် ၂၅**

မျိုးသုဉ်းလုနီးပါးဖြစ်သော ခါမောငှက်ငယ်များ အိန္ဒိယနိုင်ငံ အာ့ချ်မက်မြို့တွင် ပြန်လည်ကျက်စားလာကြောင်း အိန္ဒိယနိုင်ငံ ကျေးငှက်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ခါမောငှက်များသည် အကောင်ရေအတော်လေးကျဆင်းလာကာ အရေအတွက်အားဖြင့် ၄၀၀ ခန့်သာရှိတော့ကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က အဆိုပါငှက်များကို မျိုးသုဉ်းလုနီးပါး မျိုးစိတ်များစာရင်းတွင် ထည့်သွင်းထားကြောင်း၊ ယခင်က အဆိုပါ ငှက်မျိုးစိတ်များသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်များဖြစ်သော ကာနာတာကာ၊ ဂူဂျာရတ်၊ မဟာရချ်တာ၊ မက်ဒဟာပရာဒက်နှင့် ရာဂျစ်စသန်တို့တွင်သာ ကျက်စားခဲ့ကြောင်း၊ လွန်ခဲ့သော သုံးနှစ်က မုတ်သုံရာသီတွင် အဆိုပါငှက်မျိုးစိတ်များကို မတွေ့ရှိခဲ့ရကြောင်း၊ လက်ရှိတွင် ထိုငှက်များသည် ဂေဟာစနစ်များကောင်းသော အာ့ချ်မက်မြို့၏ ကျေးလက်ဒေသတွင် ထိုငှက်များ၏မျိုးပွားရာသီဖြစ်သော မိုးကာလတွင် ပြန်လည် ကျက်စားလာကြောင်း သိရသည်။

အဆိုပါငှက်များ ရှားပါးလာရခြင်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် လူသားတို့၏ အလွန်အကျွံအမဲလိုက်မှုများ တိုးမြင့်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မျိုးသုဉ်းလုနီးပါးဖြစ်သော ခါမောငှက်ငယ်များ အိန္ဒိယနိုင်ငံ အာ့ချ်မက်မြို့တွင် ပြန်လည်ကျက်စားလာခြင်းသည် အဆိုပါငှက်မျိုးစိတ်များအတွက် ကောင်ရေ ပြန်လည်တိုးလာနိုင်သည့် အလားအလာဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျေးငှက်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# ဂရိနိုင်ငံ ချီယို့စ်ကျွန်း၌ တောမီးအရေးပေါ်အဆင့်သို့ရောက်ရှိနေ၍ ဩစတြေးလျမီးသတ်တပ်ဖွဲ့က မီးသတ်တပ်ဖွဲ့ဝင်တချို့စေလွှတ်ပေး

**အေသင် ဇွန် ၂၅**



ဂရိနိုင်ငံ ချီယို့စ်ကျွန်းတွင် ဇွန် ၂၂ ရက်က စတင်လောင်ကျွမ်းခဲ့သောတောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေသဖြင့် ဩစတြေးလျမီးသတ်တပ်ဖွဲ့က ဇွန် ၂၄ ရက်တွင် တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တချို့ကို စေလွှတ်ပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ချီယို့စ်ကျွန်းတွင် သစ်တောမြေဧက ၆၀၀၀၀ ကျော်ထိလောင်ကျွမ်းပျက်စီးခဲ့ပြီး ဂရိမီးသတ်တပ်ဖွဲ့အနေဖြင့် တောမီးကိုထိန်းချုပ်ရာတွင် လေကြောင်းအကူအညီကိုရယူထားကြောင်း၊ ရဟတ်ယာဉ် ၁၄ စင်းနှင့် လေယာဉ် လေးစင်းကိုအသုံးပြုနေပြီး မြေပြင်မှသွားရောက်ငြိမ်းသတ်ရန် ခက်ခဲနေသည့်ဧရိယာများသို့ လေကြောင်းအကူအညီဖြင့် ငြိမ်းသတ်ပေးလျက်ရှိကြောင်း၊ မြေပြင်မှလည်း မီးသတ် တပ်ဖွဲ့ဝင်များအပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များကလည်း ကူညီငြိမ်းသတ်ပေးလျက်ရှိပြီး မီးငြိမ်းသတ်နိုင်ရေးအတွက် လူအင်အား ၆၀၀ ခန့်ထိ အသုံးပြုထားကြောင်း သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ဂရိတောမီးကို ကူညီငြိမ်းသတ်ဖို့အတွက် ရဟတ်ယာဉ်တချို့နဲ့ ဝန်ထမ်းတချို့ စေလွှတ်ပေးထားပါတယ်။ ကျွန်တော်တို့အတွက် ဂရိနိုင်ငံကို ငါးနှစ်ဆက်တိုက် ကူညီပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂရိပြည်သူတွေနဲ့အတူ ရပ်တည်ကြောင်းပြောကြားလိုပါတယ်"ဟု ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် McDermott Aviation ကုမ္ပဏီ တည်ထောင်သူ ဂျွန်မက်ဒါမော့က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဗြိတိန်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ရည်မှန်းချက်အောင်မြင်ရန် လျှပ်စစ်သုံးစွဲခ လျှော့ချရန်လိုအပ်ကြောင်း သုတေသီများအကြံပြု

**လန်ဒန် ဇွန် ၂၅**

ဗြိတိန်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးရည်မှန်းချက် အောင်မြင်ရန်အတွက် ကာဗွန်ထုတ်လွှင့်မှု လျှော့ချရေး စီမံချက်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေသော်လည်း လျှပ်စစ်သုံးစွဲခကို လျှော့ချနိုင်မှသာ ရည်မှန်းချက်အောင်မြင်ဖွယ်ရှိနေကြောင်း Committee on Climate Change မှ သုတေသီများက အကြံပြုချက်ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှင့်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိနေပြီး ၎င်းရည်မှန်းချက်အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုမှ လျှပ်စစ်စွမ်းအင်ကဏ္ဍသို့ ရာနှုန်းပြည့်ပြောင်းလဲနိုင်ရန် အဓိကလိုအပ်ကြောင်း Committee on Climate Change မှ သုတေသီဖြစ်သူ ဖော်စတာက ပြောကြားခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ရည်မှန်းချက်အတွက် ကာဗွန်ထုတ်လွှင့်မှု သုညမှတ်ရောက်ရှိရေးက အရေးကြီးပါတယ်။ ကာဗွန်ထုတ်လွှင့်မှု သုညမှတ် ရောက်ရှိရေးအတွက် အဓိကလုပ်ဆောင်ရမဲ့ အချက်တွေကို အစိုးရအဖွဲ့သိအောင် အကြံပြုချင်ပါတယ်။ စီးပွားရေးကဏ္ဍနဲ့ ပြည်သူတွေသုံးစွဲနေတဲ့ လျှပ်စစ်စွမ်းအင်သုံးစွဲခပမာဏကိုလျှော့ချပစ်ဖို့လိုအပ်ပါတယ်။ လျှပ်စစ်စွမ်းအင်သုံးစွဲမှုစနစ်သို့ ပြောင်းလဲရာမှ အကျိုးရှိထိရောက်စေဖို့အတွက် လျှပ်စစ်စွမ်းအင်သုံးစွဲခကိုလျှော့ချနိုင်ဖို့ မဖြစ်မနေဆောင်ရွက်သွားသင့်တဲ့ အချက်ဖြစ်တယ်ဆိုတာကို အကြံပြုချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန် အရှေ့မြောက်ဘက်ပိုင်းရှိမြို့များတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်စံချိန်တင်ပမာဏသို့ ရောက်ဖွယ်ရှိနေ

**ဝါရှင်တန် ဇွန် ၂၅**

အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဇွန် ၂၄ ရက်မှစ၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုသည် စံချိန်တင်ပမာဏတစ်ရပ်ထိ ရောက်ရှိဖွယ်ရှိနေကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန် အမြင့်ဆုံးပမာဏတစ်ရပ်ထိရောက်ရှိသွားနိုင်သည့် မြို့များမှာ ဝါရှင်တန်မြို့နှင့် ဘော့စတွန်မြို့တို့ဖြစ်ပြီး အမြင့်ဆုံး အပူချိန်ပမာဏမှာ ၃၈ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိသွားနိုင်ကြောင်း၊ နယူးယောက်မြို့တွင် အပူချိန်မှာ ၃၇ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိနိုင်ပြီး အလားတူအပူချိန်မြင့်တက်မှုပြဿနာများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်မြို့များမှာ ကျော်ဂျီယာပြည်နယ် မြောက်ဘက်ပိုင်းရှိမြို့များ၊ ကာရိုလိုင်းနားပြည်နယ်၊ ဗာဂျီးနီးယားပြည်နယ်၊ မယ်ရီလန်းပြည်နယ်နှင့် ပန်ဆယ်ဗေးနီးယားပြည်နယ်ရှိ မြို့များဖြစ်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုကြောင့် အရှေ့မြောက်ဘက်ပိုင်းပြည်နယ်တွေမှာ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အမြင့်ဆုံးရောက်ရှိသွားနိုင်တဲ့ အပူချိန်ပမာဏကတော့ ၃၈ ဒီဂရီစင်တီဂရိတ်ဖြစ်ပါတယ်။ ဝါရှင်တန်မြို့နဲ့ ဘော့စတွန်မြို့တို့မှာ အပူချိန်စံချိန်တင်မြင့်တက်သွားနိုင်ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ခြောက်ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်"ဟု အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာနမှ တာဝန်ရှိသူ အိုရာဗက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# တိုက်စွမ်းအားမြင့်မားသော ဒုံးလက်နက်စနစ်များ အပိုင်း(၂)

ဖွံ့ဖြိုးတိုးတက်မှုများအနက်မှ အဓိကကျသော အချက်သည် အမေရိကန်မှ M142 အမျိုးအစားလှုပ်ရှားစစ်ကစားနိုင်သော အမြောက်ရော့ကတ်စနစ် (HIMARS) ဝယ်ယူရန် ဖိလစ်ပိုင်ကြည်းတပ်၏ စိတ်ပါဝင်စားမှုပင်ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို ဖိလစ်ပိုင်ကြည်းတပ် အမြောက်တပ်ရင်းကြီး၏ ၁၂၅ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ မီးမောင်းထိုးပြသခဲ့သည်။ ၎င်းအခမ်းအနား၌ ဖိလစ်ပိုင်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရိုမီရို ဘရောနာက ကြည်းတပ်အမြောက်တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအဆင့်မြှင့် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ဝယ်ယူရန်အရေးပါမှုကို အလေးထားပြောကြားသွားခဲ့သည်။ အမြောက်ရော့ကတ်စနစ် (HIMARS) စနစ်သည် တိကျမှုနှင့်လှုပ်ရှားစစ်ကစားနိုင်မှုအတွက် လူသိများထင်ရှားသောကြောင့် ဖိလစ်ပိုင်ကြည်းတပ်၏ နယ်မြေကာကွယ်ရေးစစ်ဆင်ရေးများအတွက် များစွာအရေးပါလျက်ရှိသည်။

ဖိလစ်ပိုင်ကြည်းတပ်သည် အမြောက်ရော့ကတ်စနစ် (HIMARS) များအပြင် K239 Chunmoo နှင့် အစ္စရေး Elbit Systems ၏ တိကျပြီး နေရာမရွေးပစ်ခတ်နိုင်သော စနစ် (PULS) ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) များအပါအဝင် အခြားသော ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) များ ဝယ်ယူသွားရန်လည်း စဉ်းစားသုံးသပ်လျက်ရှိသည်။ အဆိုပါလက်နက်စနစ်များကို ဖိလစ်ပိုင်တပ်မတော်(AFP)၏ Horizon 3 ဝယ်ယူမှုအစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ Horizon 3 သည် တိုင်းပြည်၏ ပြည်ပရန်ဆွယ်ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ အဆိုပါ အဆင့်မြှင့်ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ပလက်ဖောင်းများဝယ်ယူခြင်းသည် အိန္ဒိယနိုင်ငံထုတ် BrahMos အသံလွန်သင်္ဘောဖျက်ဒုံးကျည်များကဲ့သို့သော မူလရှိရင်းစွဲအမြောက်နှင့် ဒုံးကျည်စနစ်များ၏ စွမ်းဆောင်ရည်ကို ထပ်လောင်းအားဖြည့်ပေးနိုင်မည်ဖြစ်သည်။

ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) များဝယ်ယူရန် ဖိလစ်ပိုင်ကြည်းတပ်၏ ကြိုးပမ်းမှုများသည် စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများ ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် တာဝန်ထမ်းဆောင်မှု အသင့်ဖြစ်စေရန် ဆိုသည့် ကျယ်ပြန့်လှသော မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ၎င်းစနစ်များသည်တိုင်းပြည်၏ ပိုင်နက်နယ်မြေများကာကွယ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်သည့်အတွက် အလားအလာရှိသော ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရန် လိုအပ်သော ပစ်စွမ်းအားနှင့်တိုင်းပြည်ကမ်းခြေဒေသများ၏ လုံခြုံရေးကို ခိုင်မာသေချာစေမည်ဖြစ်သည်။

**ထိုင်းနိုင်ငံက ဝယ်ထားသော PULS များ**

ထိုင်းနိုင်ငံသည် ပြည်တွင်း၌ သုတေသနပြုတည်ဆောက်မှုနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးထားလျက် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ရာတွင် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါကြိုးပမ်းမှုများသည် ထိုင်းဘုရင့်ကြည်းတပ် (RTA)ကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရန် နှင့်ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ရန် ကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

အဓိကကျသော ဖွံ့ဖြိုးတိုးတက်မှုများအနက် တစ်ခုသည် အစ္စရေး Elbit Systems ၏ တိကျပြီး နေရာမရွေးပစ်ခတ်နိုင်သော စနစ်(PULS) ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ကို အခြေခံထားသော D11A အမျိုးအစားဘက်စုံသုံး ဒုံးပစ်ခတ်မှုယာဉ်ကို စတင်အသုံးပြုခြင်းပင်ဖြစ်သည်။ D11A စနစ်ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၉ ရက်တွင် ထိုင်းဘုရင့်ကြည်းတပ်(RTA) အမြောက်တပ်မ၊ အမှတ် (၇၁) အမြောက် တပ်ရင်းကြီး၊ အမှတ် (၇၁၁) အမြောက်တပ်ရင်းသို့ စတင်တပ်ဖြန့်ချထားခဲ့သည်။ ၎င်းမော်ကျူလာ ပစ်ခတ်မှုစနစ်သည် ရုရှားထုတ် GRAD၊ ထိုင်းနိုင်ငံထုတ် DTI-2၊ တရုတ်နိုင်ငံထုတ် SHE-30 နှင့် SHE-40 ရော့ကတ်များကဲ့သို့သော ၁၂၂ မီလီမီတာရော့ကတ်များအပါအဝင် ဒုံးကျည်များစွာနှင့် ပစ်ခတ်နိုင်မည်ဖြစ်သည်။ ၎င်းစနစ်သည် ဒုံးလွတ်ပြွန်ကို အလျင်အမြန်ပြောင်းလဲနိုင်ရန် ဒီဇိုင်းရေးဆွဲထားသောကြောင့် အလျင်နှုန်းနှင့် အကွာအဝေးတို့တွင် GRAD နှင့် စွမ်းဆောင်ရည် တူညီလျက်ရှိသည်။




R-Han 122B ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ကိုတွေ့ရစဉ်။

D11A စနစ်ကို ချက်သမ္မတနိုင်ငံထုတ် Tatra အမျိုးအစားခြောက်ဘီးယက် ၁၀ တန်ယာဉ်ပေါ်တွင် တင်ထားပြီး ကျည်တစ်တောင့်ချင်းနှင့် ဆက်တိုက်တရစပ်ပစ်ခတ်နိုင်သောကြောင့် ပေါက်ကွဲအားပြင်းထန်သည့်ကျည်ထိပ်ဖူး ၄၀ ဖြင့် အကျယ်သုံးဟက်တာခန့်ကို လွှမ်းခြုံပစ်ခတ်နိုင်သည်။ ထို့ပြင် D11A သည် ၁၂၂ မီလီမီတာ Accu LAR ဒုံးကျည်များဖြင့်လည်း ပစ်ခတ်နိုင်သည်။ Accu LAR ဒုံးကျည်များကို အစ္စရေး Elbit Systems မှလည်း သုတေသနပြုတည်ဆောက်လျက်ရှိသောကြောင့် ကီလိုမီတာ ၄၀ ထိ တိကျစွာပစ်ခတ်နိုင်သည်။

D11A ဘက်စုံသုံးရော့ကတ်နှင့်ဒုံးကျည်ပစ်ခတ်မှုစနစ်သည် ၃၅ ကီလိုမီတာမှ ကီလိုမီတာ ၃၀၀ အကွာအဝေးရှိ ရန်သူ့ပစ်မှတ်များကို ပစ်ခတ်နိုင်သောကြောင့် AccuLAR-122၊ AccuLAR-160၊ EXTRA ၃၀၆ မီလီမီတာ ပဲ့ထိန်းဒုံးကျည်များ၊ Predator Hawk ဒုံးကျည်များအပါအဝင် ရော့ကတ်နှင့်ဒုံးကျည်အမျိုးမျိုးဖြင့်ပစ်ခတ်နိုင်စွမ်းရှိသည်။ ထိုင်းနိုင်ငံ ၏ ကမ်းခြေကာကွယ်ရေးအမြောက်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ၎င်းစနစ်ကို ဒီဇိုင်းရေးထားခြင်းဖြစ်ပြီး ထိုင်းဘုရင့်ရေတပ်၏ ရေတပ်သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုရုံးနှင့် ပူးပေါင်းသုတေသနပြုတည်ဆောက်ထားခြင်းဖြစ်သည်။

**ပြည်တွင်းစွမ်းဆောင်ရည် အလေးထားသော အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှားနိုင်ငံသည် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသောကြောင့် စစ်ဘက်အခြေခံအဆောက်အအုံများ ခေတ်မီအဆင့်မြှင့်တင် တည်ဆောက်ရေးခိုင်မာသော သန္နိဋ္ဌာန်နှင့် အမျိုးသားကာကွယ်ရေးမြှင့်တင်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အဆိုပါ ကြိုးပမ်းမှုများသည် လုံခြုံရေးဆိုင်ရာ အမျိုးမျိုးသော ခြိမ်းခြောက်မှုများ ကိုင်တွယ်ဖြေရှင်းရာတွင် အသင့်ဖြစ်မှုခိုင်မာသေချာစေရန် ရည်မှန်းထားသည့် အင်ဒိုနီးရှားတပ်မတော် (TNI) ခေတ်မီအဆင့်မြှင့်တင် တည်ဆောက်မှုအစီအစဉ်၏ အစိတ်အပိုင်းများပင်ဖြစ်သည်။

အဓိကကျသော ဖွံ့ဖြိုးတိုးတက်မှုများအနက် တစ်ခုသည် အင်ဒိုနီးရှားနိုင်ငံပိုင်ကုမ္ပဏီဖြစ်သည့် PT Pindad က R-Han 122B ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) အပြီးသတ်တည်ဆောက်မှုပင်ဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းတွင် ထုတ်ပြန်ချက်အရ R-Han 122B သည် တစ်နာရီလျှင် ၃၆၁၄ ကီလိုမီတာ(Mach 2.95) ဖြင့် ပျံသန်းနိုင်ပြီးအကွာအဝေး ၃၂ ကီလိုမီတာထိ ရောက်ရှိနိုင်ခြင်းအပါအဝင်ထူးခြားသော စွမ်းဆောင်ရည်များရှိကြောင်း ဖော်ပြထားသည်။

၎င်းစနစ်သည် အင်ဒိုနီးရှားနိုင်ငံ၏ အမြောက်စွမ်းဆောင်ရည်များ တိုးတက်ရေးကြိုးပမ်းမှုများတွင် အောင်မြင်မှုခြေလှမ်းတစ်ရပ်ကို ထင်ဟပ်စေလျက်ရှိသည်။ အင်ဒိုနီးရှားကာကွယ်ရေးစက်မှုလုပ်ငန်းတွင် R-Han 122B သုတေသနပြုထုတ်လုပ်မှု၌ အဓိက ဦးဆောင်သူများဖြစ်သည့် PT Dirgantara Indonesia (PTDI)၊ သုတေသနနှင့်နည်းပညာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည်။ PT Dahana နှင့် PT Pindad တို့သည် ဆန်းသစ်တီထွင်ထားသော ရော့ကတ်စနစ် အောင်မြင်မှုရရှိရေးအတွက် အတူတကွလုပ်ဆောင်ခဲ့သည်။ သုတေသနနှင့် နည်းပညာဝန်ကြီးဌာနသည် ကီလိုမီတာ ၂၀ ထိ ရောက်ရှိပစ်ခတ်နိုင်မည့် ၁၂၂ မီလီမီတာ ရော့ကတ်သုတေသနပြု တည်ဆောက်ရေးရည်မှန်းလျက် D-230 Team ထူထောင်ကာ ၂၀၀၇ ခုနှစ်တွင် စီမံကိန်း စတင်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းစီမံကိန်းသည် R-Han 122B ကို တဖြည်းဖြည်းချင်း သုတေသနပြုတည်ဆောက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် R-Han 122B အပြင် ချက်သမ္မတနိုင်ငံနှင့် ပူးပေါင်းကာ MLRS RM70 Vampire ကိုလည်း သုတေသနပြုတည်ဆောက်ခဲ့သည်။ ၁၂၂ မီလီမီတာရော့ကတ်နှင့်ပစ်ခတ်နိုင်သော ၎င်းစနစ်ကို အင်ဒိုနီးရှားမရိန်းတပ်ဖွဲ့၏ လက်နက်စနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်မည်ဖြစ်သည်။ RM70 Vampire သည် ကျည်ထိပ်ဖူး ၄၀ ဖြင့် တစ်ခါတည်းတရစပ်ပစ်ခတ်မည်ဆိုလျှင် အကျယ်အဝန်း ၃ ဟက်တာထိ လွှမ်းခြုံနိုင်သောကြောင့် မရိန်းတပ်ဖွဲ့များအတွက် တိုက်စွမ်းအားပိုမိုမြင့်မားလာစေမည်ဖြစ်သည်။

**အိန္ဒိယနှင့်ညှိနှိုင်းနေသော ဗီယက်နမ်**

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်း၌ သုတေသနပြုတည်ဆောက်မှုများအပြင် သက်တမ်းရင့် BM-21 နှင့် BM-14 MLRS စနစ်များနေရာတွင် အစားထိုးရန် Guided Pinaka Rockets များရရှိရေးအတွက် အိန္ဒိယနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (DRDO) က သုတေသနပြုတည်ဆောက်ထားသော Guided Pinaka Rocket သည် တိကျမှုရှိသော တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ ကမ်းလှမ်းထားရှိသည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် ဗီယက်နမ်၏ အမြောက်စွမ်းဆောင်ရည်များ ခေတ်မီအဆင့်မြှင့်တင်သွားရန်နှင့် သက်တမ်းရင့်ရော့ကတ်များ နေရာတွင် အစားထိုးသွားရန် ရည်မှန်းထားရှိသည်။

အဆိုပါ တိုးတက်လာမှုများသည် ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးမြှင့်ရန်နှင့် တိုက်ပွဲဝင်အသင့်ဖြစ်မှု ခိုင်မာသေချာစေရန် ဗီယက်နမ်၏ ခိုင်မာသောသန္နိဋ္ဌာန်ကို ထင်ဟပ်စေလျက်ရှိသည်။ အဆင့်မြင့် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) စနစ်များ ဝယ်ယူခြင်းနှင့် နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ဒေသတွင်းလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ထိန်းသိမ်းရန် ဗီယက်နမ်နိုင်ငံ၏ ကြိုးပမ်းမှုများကို မီးမောင်းထိုးပြသလျက်ရှိသည်။

**ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) စွမ်းဆောင်ရည်မြှင့်တင်နေသော မြန်မာ**

မြန်မာနိုင်ငံအနေဖြင့်လည်း ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) စွမ်းဆောင်ရည်များ မြှင့်တင်လျက်ရှိပြီး MAM-03 သည် တရုတ်နိုင်ငံထုတ် ခြောက်ဘီးယက်ယာဉ်ပေါ်တွင် တင်ဆောင်ထားပြီး ၃၀၀ မီလီမီတာ ရော့ကတ်ပစ်လွှတ်မှုပြွန်လေးခုပါဝင်သည့် ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) ဖြစ်သည်။ ၎င်းစနစ်သည် တရုတ်နိုင်ငံထုတ် WS-1B ဘက်စုံပစ်ခတ်နိုင်သော ဒုံးကျည်ပစ်ခတ်မှုစနစ် (MLRS) နှင့် စွမ်းဆောင်ရည် တူညီဖွယ်ရာရှိပြီး ကီလိုဂရမ်၁၅၀ ရှိသော ကျည်ထိပ်ဖူးဖြင့် ကီလိုမီတာ ၂၆၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။ အဆိုပါ ရော့ကတ်များကို ကမ္ဘာ့လမ်းကြောင်းရှာဂြိုဟ်တုစနစ်(GNSS)၊ အီနားရှားလမ်းကြောင်းရှာစနစ် (INS) တို့ဖြင့် ပဲ့ထိန်းလမ်းညွှန်ထားသောကြောင့် တိကျစွာ ပစ်ခတ်နိုင်စွမ်းရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စစ်လက်နက်ပစ္စည်းများကို ပြည်တွင်း၌ သုတေသနပြုတည်ဆောက်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံထံမှလည်းစစ်ရေးဆိုင်ရာ ကူညီပံ့ပိုးမှုများရရှိထားသည်။ ထို့ကြောင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံကို အဆင့်မြင့်ရော့ကတ်စနစ်များရရှိစေပြီး ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း တိုးတက်လာစေမည်ဖြစ်ပေသည်။

**ကိုးကား**

- Firepower, Versatility, Mobility by MLRS by Asian Defense Journal

မောင်သောင်းဝင်း(တမန်ဟောင်း)

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (**M.B.B.S**) သို့မဟုတ် (**B.D.S**) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (**Grading Certificate**) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ချစ်ရတဲ့သူတွေ လက်ဆောင်ပေးထားတဲ့
ထီလက်မှတ်တွေကို ဘယ်လိုယူကြမလဲ ?

5 Digits
အောင်ဘာလေ အွန်လိုင်းထီ




ထီလက်ဆောင်
ပေးရန် Scan

"လက်ဆောင်"သို့ဝင်ပြီး
"ထီလက်မှတ်ရယူမည်"
ကိုရွေးပါ။ ထို့နောက်
လက်ခံရရှိထားသော
QR ကို
Scan ဖတ်လိုက်ရုံနဲ့
ထီလက်မှတ်လက်ဆောင်တွေ ပိုင်ဆိုင်နိုင်ပါပြီ။
လက်ခံရရှိထားသော ထီလက်မှတ်များကို
"ကျွန်ုပ်၏ထီလက်မှတ်" တွင် စစ်ဆေးနိုင်ပါသည်။

Call Center 777 (or)
09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

### ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ၁၂၅/၃၅၀ မြစပါယ်လမ်း၊ ဒဂုံ/အရှေ့နေ မဇင်လင်းလင်းမြတ် (ဘ) ဦးဝင်းနေလင်း(၁၂/ဒဂရ(နိုင်)၀၃၂၀၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-674059)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၀၃၁၀၆၅၃

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးအုပ်စု၊ တောတွင်ကျေးရွာနေ ဦးမျိုးမြင့်အောင် (ဘ) ဦးစိုး(၉/ခမစ(နိုင်)၀၄၉၆၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၅၂၄၅၃၇၂

## အဖိုးတန်ရေချိုကို ချွေတာပါ

### ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ Sweet Private School Grade-3 တွင် ပညာသင်ကြားနေသော မောင်ဟန်ထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်ထွန်းဖြစ်ပါကြောင်း။

ဦးခင်မောင်ထွန်း
၅/ရဥန(နိုင်)၀၀၅၈၀၉

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



❖ **တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် အစဉ်ထက်မြက်နေရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ရန် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဇွန် ၂၅

EAEU၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Grigoryevich Lukashenko ၏ ဖိတ်ကြားချက်အရ မင့်စ်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**




မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

